# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့လည်းကောင်း ခိုင်မာမြဲမြံစွာရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော်ပူဇော်ကန်တော့ရာ၏။ အရဟန္တဝဂ်(ဓမ္မပဒ-၉၅)


၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက် | ၂၀၂၃ ခုနှစ်၊ မေ ၁၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ်(၂၂၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ် သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ကြေညာချက်အမှတ်၊ ၁ /၂၀၂၃

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၁၅ ရက်)

၁။ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) သည် ၁၄-၅-၂၀၂၃ နေ့တွင် မြန်မာနိုင်ငံ၊ ရခိုင်ကမ်းရိုးတန်းဒေသများကို စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပါသည်။

၂။ အဆိုပါ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူမြို့နယ်၊ မာန်အောင်မြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ အမ်းမြို့နယ်၊ စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ဂွမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ သံတွဲမြို့နယ်၊ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ကျောက်တော်မြို့နယ်၊ မင်းပြားမြို့နယ်၊ မြောက်ဦးမြို့နယ်၊ မြေပုံမြို့နယ်တို့ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာလိုက်သည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သွားရောက်ကြည့်ရှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြား

နေပြည်တော် မေ ၁၅

အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) "မိုခါ" (MOCHA) သည် မေ ၁၄ ရက်တွင် ရခိုင်ကမ်းရိုးတန်းဒေသများသို့ စစ်တွေ့မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကာ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်ကိုလည်း သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများအဖြစ် ကြေညာထားပြီးဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် စစ်တွေမြို့သို့ သွားရောက်ပြီး အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❑



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့ရှိ ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံအား ကြည့်ရှုစဉ်။




မြန်မာ့အလင်း

# ဒေသအား၊ ပြည်တွင်းအားဖြင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်သွားပြီးနောက် သဘာဝဘေးဒဏ်ခံခဲ့ရသည့် ဒေသများတွင် ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးတို့ကို အမြန်ဆုံးပြန်လည်ဆောင်ရွက်ကြရတော့မည် ဖြစ်သည်။ ဆိုင်ကလုန်းမုန်တိုင်း“မိုခါ”နှင့်စပ်လျဉ်း၍ လေဖိအားနည်းရပ်ဝန်းမဖြစ်ပေါ်သေးမီကပင် ကြိုတင်ခန့်မှန်းမှုများ ပြုလုပ်ကာ မျက်ခြည်မပြတ်စောင့်ကြည့်မှုများ၊ ကြိုတင်သတိပေးပြင်ဆင်ရွှေ့ပြောင်းမှုများ ပြုလုပ်နိုင်ခဲ့သဖြင့် အဖျက်စွမ်းအားကြီးမားလှသည့် မုန်တိုင်းကြီးတိုက်ခတ်သွားမှုတွင် သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရသူ လွန်စွာနည်းပါးလှခြင်းဖြစ်သည်။ သို့ရာတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုပမာဏ ကြီးမားသည့်အလျောက် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်ကို သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်ထုတ်ပြန်ထားပြီဖြစ်သည်။

ရခိုင်ပြည်နယ်အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကူညီကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေအား၊ လူအားတို့လိုအပ်သည်။ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် စေတနာရှင်၊ အလှူရှင်များက မည်သည့်တိုက်တွန်းမှုမှမပါဘဲ အလှူငွေများ အားတက်သရောလှူဒါန်းလာကြရာ စုစုပေါင်းအလှူငွေကျပ် သိန်းပေါင်း ၁၃၁၈၁၀ သိန်း(၁၃ ဘီလီယံ) ကျော် ရရှိခဲ့ပြီး ယင်းအနက်မှ ခုနစ်ဘီလီယံကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ပေးအပ်လိုက်ပြီဖြစ်သည်။ ကျန်ခြောက်ဘီလီယံကျော်ကို မုန်တိုင်းဒဏ်ထိခိုက်ခံစားခဲ့ရသော အခြားဒေသများသို့ပါ ခွဲဝေလှူဒါန်းသွားမည်ဟု သိရသည်။

ပြန်လည်ထူထောင်ရေး ဦးစားပေးလုပ်ငန်းများအဖြစ် လမ်းပန်းဆက်သွယ်ရေး အမြန်ဆုံးပြန်လည်ကောင်းမွန်ရေးနှင့် မကြာမီဖွင့်လှစ်ရတော့မည့် အခြေခံပညာအထက်တန်းကျောင်းများ ဦးစားပေးပြုပြင်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့် စပ်လျဉ်း၍ “လုပ်စရာရှိသည်များကို မြန်မြန်ဆန်ဆန်ဖြင့် လုပ်ဆောင်ရန်လိုကြောင်း၊ အားလုံးပူးပေါင်း ဆောင်ရွက်မည်ဆိုပါက အမြန်ဆုံးမူလအခြေအနေသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ပြည့်အင်အားသည် ပြည်တွင်း၌သာရှိသဖြင့် အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှလည်း အကူအညီပေးအပ်မည်ဟု ကမ်းလှမ်းလာသဖြင့် လက်ခံထားပြီးဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့ရှိပြီးသားအားဖြင့် ဒေသအား၊ ပြည်တွင်းအားဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း” ဖြင့်လည်း မှာကြားခဲ့သည်။

ကြီးမားသည့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများအတွက် လတ်တလောလိုအပ်ချက်များဖြစ်သည့် စားသောက်ဖွယ်ရာများ၊ ရေသန့်နှင့်လူသုံးကုန်များ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ သွပ်၊ သံတို့အပါအဝင် ဆောက်လုပ်ရေးပစ္စည်းများနှင့် ငွေအား၊ လုပ်အားတို့ကို လိုအပ်သည့် ဒေသများနှင့် မုန်တိုင်းဒဏ်ခံ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးတို့ထံ ကူညီဖြည့်ဆည်းပေးနိုင်ရေးအတွက် စေတနာသဒ္ဓါထက်သန်စွာ လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် မြန်မာဘောလုံးအသင်းများကို ဆုချီးမြှင့်မည်

နေပြည်တော် မေ ၁၅

**ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မေ ၅ ရက်မှ ၁၇ ရက်အထိ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံမှ အားကစားအဖွဲ့များလည်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသား ဘောလုံးအသင်း တတိယဆုရရှိပါက အမေရိကန်ဒေါ်လာ ၅၀၀၀၀ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းကိုလည်း ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့်အတွက် ဒေါ်လာ ၅၀၀၀၀ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပြီး ပထမဆုရရှိပါက နိုင်ငံတော်မှ ဒေါ်လာ ၅၀၀၀၀ ထပ်မံချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာအမျိုးသား ဘောလုံးအသင်းသည် ဆီမီးဖိုင်နယ်ပွဲတွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် သုံးဂိုး – ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မေ ၁၆ ရက်တွင် တတိယနေရာလုပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် မြန်မာအသင်းယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ထိုင်းအသင်းကို လေးဂိုး–နှစ်ဂိုးဖြင့်လည်းကောင်း၊ လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းက အိမ်ရှင်ကမ္ဘောဒီးယားအသင်းကို လေးဂိုး – ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အံ့ဖွယ်စွမ်းဆောင်မှုနှင့်အတူ နှစ်ဂိုးအရှုံးမှ လေးဂိုးပြန်သွင်းကာ ထိုင်းအသင်းကို အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ယနေ့တွင် တတိယ ဗိုလ်လုပွဲအဖြစ် ထိုင်းအသင်းနှင့်ကမ္ဘောဒီးယားအသင်း၊ ဗိုလ်လုပွဲအဖြစ် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် နေရာများအား ကွင်းဆင်းကြည့်ရှု

**နေပြည်တော် မေ ၁၅**

နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်သည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၁၄ ရက် မွန်းလွဲပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် နေပြည်တော်အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ အမိုးလန်ပျက်စီးပြီး သစ်ပင်၊ သစ်ကိုင်းများ ကျိုးကျကာ ဓာတ်တိုင်များ ပြိုလဲပျက်စီးမှုများ ဖြစ်ပွားသဖြင့် ဖြစ်ပွားရာနေရာများသို့ ယနေ့ နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုသည်။ **(အောက်ပုံ)**

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများသည် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) သို့ သွားရောက်၍ လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်တိုင်လဲကျပြီး ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများသည် ဒက္ခိဏသီရိမြို့နယ် မဲဒီးကျေးရွာသို့ သွားရောက်၍ လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးခဲ့သည့် အခြေခံပညာ မူလတန်းကျောင်းအား ကြည့်ရှုစစ်ဆေးပြီး ကျောင်းအပ်နှံရေးရက်သတ္တပတ်အမီ အမြန်ပြန်လည်ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ် တောင်သာကျေးရွာတွင် လေပြင်းတိုက်ခတ်ပြီး သစ်ပင်လဲကျမှုကြောင့် ထိခိုက်ခဲ့သည့် ထရန်စဖော်မာ တစ်လုံးနှင့် ဓာတ်တိုင်များလဲကျမှုများကို မြို့နယ်လျှပ်စစ်မှ တာဝန်ရှိသူများက အသစ်တစ်လုံး လဲလှယ်တပ်ဆင်နေမှုနှင့် သစ်ပင်သစ်ကိုင်းများ ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဇေယျာသီရိမြို့နယ် အောင်ဇေယျာရပ်ကွက်ရှိ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်လဲပြီး အမိုးလန်ပျက်စီးခဲ့သည့် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ညနေ ၄ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် လယ်ဝေးမြို့နယ် ကန်သာကျေးရွာအုပ်စု အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး တက်ရောက်ပြီး အမှာစကား ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် တက်ရောက်လာကြသူများက အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က ဖြည့်စွက်ဆွေးနွေးတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**



မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃)
နေပြည်တော်
၂၀၂၃ ခုနှစ်၊ မေလ ၁၈ ရက်နေ့ မှ ၂၀ ရက်နေ့ ထိ

# တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်

နေပြည်တော် မေ ၁၅

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့် စစ်တွေမြို့၌ အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များ ပေးအပ်နိုင်ရေး လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

❑ *ရှေ့ဖုံးမှ*

ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များ ပေးအပ်နိုင်ရေး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့လေဆိပ်သို့ ရောက်ရှိကြပြီး စစ်တွေမြို့အတွင်း ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုသည်။

## ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် လတ်တလော ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများ ကျင်းပကာ သဘာဝဘေးအန္တရာယ်မကျရောက်မီကတည်းက ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့မှု၊ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုရုံး Command Post အား မေ ၇ ရက်တွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ဖွင့်လှစ်ထားရှိပြီး ခရိုင် ၇ ခရိုင်၊ မြို့နယ် ၁၇ မြို့နယ်တို့တွင်လည်း ဖွင့်လှစ်ထားရှိမှု၊ သဘာဝဘေးအန္တရာယ် ခိုလှုံရာ Shelter များ ဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးအန္တရာယ် မကျရောက်မီ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အရ မြို့နယ်အလိုက်ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားရှိမှု၊ သဘာဝဘေးအန္တရာယ်သင့်ခဲ့ရသည့် ပြည်သူများအတွက် လတ်တလော အုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးထားမှု၊ ပြည်နယ်အစိုးရအဖွဲ့ အရေးပေါ်ရန်ပုံငွေဖြင့် ဆန်၊ ဆီ၊ ဆား၊ ငါးပိနှင့် စက်သုံးဆီ အရန် ဝယ်ယူထားရှိမှု၊ ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းများ စုဆောင်းထားရှိမှု၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုး သိုလှောင်ထားရှိမှု၊ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးနှင့် ဆက်သွယ်မှု မပြတ်တောက်ရေး ဆောင်ရွက်ထားရှိမှု၊ မေ ၁၄ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) "မိုခါ" (MOCHA) စစ်တွေမြို့သို့ ဝင်ရောက်ခဲ့မှုနှင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့မှု၊ သဘာဝဘေးသင့်ခဲ့ရသည့် နေအိမ်များ ပြန်လည်ပြုပြင်နိုင်ရေး လိုအပ်မှု၊ ထောက်ပံ့ရေးပစ္စည်းများ လိုအပ်မှုနှင့် လတ်တလောပျက်စီးဆုံးရှုံးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြစဉ်။

## ဝန်ကြီးဌာနများ၊ တပ်မတော်နှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှု

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့မှု၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ပြင်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ တင်ပြကြရာတွင် တယ်လီဖုန်း ဆက်သွယ်မှုလိုင်းများ ပြတ်တောက်မှုမရှိရေး ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိမှု၊ စစ်တွေ လေယာဉ်ကွင်းသို့ လေယာဉ်များ နေ့ညမရွေးဆင်းသက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ လေကြောင်းတိုက်ရိုက်ဆက်သွယ်ရေးစနစ်များ တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားလိုင်းများ အမြန်ဆုံးပြန်လည်ကောင်းမွန်စေရေး လိုက်လံစစ်ဆေးလျက်ရှိမှု၊ ဓာတ်တိုင်များ ပြန်လည်ထောင်မတ်နိုင်ရေး မှာယူထားရှိမှုနှင့် ဝန်ထမ်းအင်အားအလုံးအရင်းဖြင့် အမြန်ဆုံးလျှပ်စစ်မီး ပြန်လည်ပေးနိုင်အောင် ဆောင်ရွက်လျက်ရှိမှု၊ စစ်တွေမြို့ဆေးရုံကို မီးစက်ကြီးများဖြင့် မီးပေးလျက်ရှိမှု၊ သံဃာတော်များနှင့် သီလရှင်များအတွက် ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ပဲ၊ ဆေးများ ကြိုတင်ပြင်ဆင်ထားရှိမှု၊ ဘုန်းတော်ကြီးကျောင်းများ သန့်ရှင်းရေးအတွက် ဆောင်ရွက်ရမည့် အခြေအနေများနှင့် ရခိုင်ပြည်နယ် ယဉ်ကျေးမှုပြတိုက် အမိုးလန်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့မှု၊ ရခိုင်ပြည်နယ်အတွင်း ဆေးရုံ၊ ဆေးခန်းများ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှု အနည်းငယ်သာရှိခဲ့ပြီး အထူးဆေးကုသရေးအဖွဲ့ နှစ်ဖွဲ့ဖြင့် စစ်တွေပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဆေးပစ္စည်းများ၊ ရေသန့်ဆေးပြားများ ထပ်မံမှာယူလျက်ရှိမှုနှင့် ခွဲစိတ်ခန်းများကိုလည်း အသင့်အသုံးပြုနိုင်ရေး စီမံထားရှိမှု၊ ကျန်းမာရေးနှင့် ပတ်သက်သည့် ပညာပေး စာစောင်များ၊ အသိပညာပေးမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိမှု။

ရခိုင်ပြည်နယ်သို့ပေးပို့မည့် ဆန်အိတ်များ၊ သွပ်နှင့်သံများ၊ စားသောက်ဖွယ်ရာများ၊ ဆောက်လုပ်ရေးပစ္စည်းများကို တပ်မတော်စစ်ရေယာဉ်များပေါ်သို့ အမြန်ဆုံး တင်ဆောင်၍ ပေးပို့နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းသင့်ဒေသများသို့ စားသောက်ဖွယ်ရာများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို မော်တော်ယာဉ်များ၊ စစ်ရေယာဉ်များ၊ လေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိမှု၊ စားသောက်ကုန်များနှင့် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ အဆက်မပြတ်ပေးပို့နေမှု၊ စားသောက်ဖွယ်ရာများနှင့် ပြန်လည်တည်ဆောက်ရေး ပစ္စည်းများကို တပ်မတော်စစ်ရေယာဉ်များဖြင့် စစ်တွေမြို့သို့ ပို့ဆောင်ပေးလျက်ရှိမှုနှင့် ထိုမှတစ်ဆင့် ရသေ့တောင်မြို့နယ်နှင့် အခြားမုန်တိုင်းသင့်ဒေသများသို့ ဆက်လက် ပို့ဆောင်နေမှု၊ ရခိုင်ပြည်နယ်အတွင်း ရိတ်သိမ်းထားသည့် နွေစပါးများကို ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မှု၊ ရခိုင်ပြည်နယ်အတွင်း အသင့်ခွဲစိတ်ထားသည့် သစ်များရှိပြီး မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် သစ်မာခွဲသားများ အသင့်ရှိသည့်အတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် သစ်များရရှိရေး ဆောင်ရွက်လျက်ရှိမှုနှင့် အခြားလိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

## ရခိုင်ပြည်နယ်အား ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရမည်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ်ဟူသည်မှာ ရှောင်လွှဲ၍မရဘဲ ဖြစ်လာသည့် အချိန်တွင် ရင်ဆိုင်ရန်နှင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားမည်ဆိုပါက ထိခိုက်မှုအနည်းဆုံးဖြင့် ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ မိမိအနေဖြင့် ပျက်စီးဆုံးရှုံးခဲ့သည်များကို လိုအပ်သည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် လာရောက်ကြည့်ရှုခြင်းဖြစ်ကြောင်း၊ မုန်တိုင်းမဝင်ရောက်မီ ၅ ရက်ခန့်ကတည်းက မုန်တိုင်းကြိုတင်သတိပေးချက်များ ထုတ်ပြန်ခဲ့ကြောင်း၊ **ရခိုင်ပြည်နယ်အား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။**

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ငွေကျပ် သိန်းပေါင်း ၇၀၀၀၀ ပေးအပ်စဉ်။

# “ရခိုင်ပြည်နယ်အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရမည်”

*စာမျက်နှာ ၃ မှ*

ကယ်ဆယ်ရေးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာနမှ အဓိကဆောင်ရွက်ရမည်ဖြစ်ပြီး အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန်လိုကြောင်း၊ အများပြည်သူအများဆုံးအသုံးပြုသည့် လမ်းများကို ဦးစားပေးရှင်းလင်းပေးရန်လိုကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ လူအင်အားနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ စက်ယန္တရားတို့ပေါင်းစပ် ဆောင်ရွက်ရန်လိုကြောင်း၊ ဆေးရုံများ သန့်ရှင်းရေးနှင့် ဘိုးဘွားရိပ်သာများကို ခရိုင်နှင့်မြို့နယ်များအလိုက် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများက ဦးစားပေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အပိုင်းလိုက်ခွဲ၍ ဆောင်ရွက်သွားရန်လိုကြောင်း။

ယခု မုန်တိုင်းတိုက်ခတ်ချိန်တွင် အုန်းပင်များ ပြိုလဲမှုမရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ရခိုင်ပြည်နယ်နှင့် ကမ်းရိုးတန်းဒေသများသို့ ရောက်ရှိသည့်အခါတိုင်းတွင် အုန်းပင်များနှင့် လမုပင်များသည် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်သည့်အတွက် ကမ်းစပ်တစ်လျှောက်နှင့် ဒေသအတွင်း ဖြစ်နိုင်သမျှ အရေအတွက်များများ စိုက်ပျိုးထားရှိရန် တိုက်တွန်းမှာကြားခဲ့ကြောင်း၊ ယခု သဘာဝဘေးအန္တရာယ်တွင် တွေ့ကြုံခဲ့ရသည်များကို သင်ခန်းစာယူ၍ သဘာဝဘေးဒဏ်ခံနိုင်သည့် လေကာပင်များနှင့် အုန်းပင်များကို တိုးချဲ့ စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း၊ မုန်တိုင်းဒဏ် သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ခဲ့ရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင် ရဟန်း၊ ရှင်လူပြည်သူ အလှူရှင်များ၏ စုစုပေါင်း အလှူငွေကျပ် သိန်းပေါင်း ၁၃၁၈၁၀ သိန်းကို လက်ခံရရှိခဲ့ကြောင်း၊ ယင်းအနက်မှ ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ငွေကျပ် သိန်းပေါင်း ၇၀၀၀၀ ကို ပေးအပ်သွားမည်ဖြစ်ကြောင်း။

## ဒေသအား၊ ပြည်တွင်းအားကို စုစည်းအသုံးပြု၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်

ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်စစ်ရေယာဉ်များဖြင့် တင်ဆောင်လျက်ရှိပြီး ရခိုင်ပြည်နယ်သို့ အမြန်ဆုံး ရောက်ရှိအောင် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ဦးစားပေးအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကို အမြန်ဆုံး ပြန်လည်ကောင်းမွန်အောင် ဦးစားပေး ဆောင်ရွက်ရန်လိုကြောင်း၊ အများနှင့်သက်ဆိုင်သည့် ပညာသင်ကြားရေးဖြစ်သည့် အခြေခံပညာအထက်တန်းကျောင်းများကိုလည်း ဦးစားပေးပြုပြင်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ လုပ်စရာရှိသည်များကို မြန်မြန်ဆန်ဆန်ဖြင့် လုပ်ဆောင်ရန်လိုကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက အမြန်ဆုံး မူလအခြေအနေသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ပြည့်အင်အားသည် ပြည်တွင်း၌သာရှိသဖြင့် အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှလည်း အကူအညီပေးအပ်မည်ဟု ကမ်းလှမ်းလာသဖြင့် လက်ခံထားပြီးဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့ရှိပြီးသားအားဖြင့် ဒေသအား၊ ပြည်တွင်းအားဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများအတွက် အရေးပေါ် ရန်ပုံငွေသို့ လှူဒါန်းနိုင်ရေး ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်ကိုလည်း သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအဖြစ် ကြေညာချက် ထုတ်ပြန်ထားရှိပြီးဖြစ်ကြောင်း။

ရေတွင်းရေကန်များ သန့်ရှင်းမှုရှိစေရေး ရေသန့်ဆေးများကို လိုက်လံခပ်ပေးရန် လိုကြောင်း၊ ရေတွင်းပတ်ဝန်းကျင်များကို ဦးစွာ သန့်ရှင်းရေးဆောင်ရွက်ရန်လိုကြောင်း၊ ရေတွင်းများအနီးရှိ ရေဆိုးရေညစ်များ၊ အညစ်အကြေးများကို အမြန်ဆုံး ရှင်းလင်းရန်လိုကြောင်း၊ အချိန်မီရှင်းလင်းခြင်းမရှိပါက ဝမ်းပျက်ဝမ်းလျှောရောဂါများအပြင် အခြားရောဂါဘယများလည်း ဖြစ်ပေါ်လာနိုင်ကြောင်း။

အစားအသောက်နှင့်ပတ်သက်၍ စည်သွတ်ဘူးများ၊ အသင့်စား အစားအစာများ ကြိုတင်ပြင်ဆင်ထားသော်လည်း စိုက်ပျိုး၍ရသည့် နေရာများတွင် အမြန်ဆုံး ပြန်လည် စိုက်ပျိုးရန်နှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ကြက်ဥများကိုလည်း အမြန်ဆုံး ပေးပို့သွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ပြီး လူများထိခိုက်မှု အနည်းဆုံးဖြစ်ခဲ့ခြင်းမှာ အဆိုးထဲက အကောင်းဟုပင် မှတ်ယူရမည်ဖြစ်ပြီး ကြံ့ကြံ့ခံကျော်ဖြတ်နိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် သိန်းပေါင်း ၇၀၀၀၀ နှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) " မိုခါ" (MOCHA) ဝင်ရောက်မှုကြောင့် စစ်တွေမြို့အတွင်း ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

မုန်တိုင်းဒဏ် ကျရောက်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ မုန်တိုင်းမကျရောက်မီကာလအတွင်း စစ်တွေ၊ မြောက်ဦး၊ မောင်တော၊ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကုတ်နှင့် အမ်းမြို့ များရှိ သဘာဝဘေးဒဏ်ခိုလှုံရာ Shelter များသို့ ဒေသခံပြည်သူ ၂၃၇၀၀ ကို ပြောင်းရွှေ့ပေးနိုင်ခဲ့ကြောင်း၊ အခြားဘေးလွတ်ရာ နေရာများသို့ ရွှေ့ပြောင်းပေးမှုအနေဖြင့် ၆၂၆၈၄၉ ဦးကို ပြောင်းရွှေ့ပေးနိုင်ခဲ့ကြောင်း၊ အလားတူ IDP စခန်းများတွင် ရောက်ရှိနေသူများအနက်မှ ၆၂၃၁၉ ဦးအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း၊ မုန်တိုင်းစတင်ဝင်ရောက်သည့် မေ ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် တစ်နာရီ လေတိုက်နှုန်းမှာ မိုင် ၆၀ ရှိခဲ့ပြီး မွန်းလွဲ ၁ နာရီခွဲမှ ၃ နာရီခွဲအထိ တစ်နာရီလေတိုက်နှုန်းမှာ မိုင် ၁၂၀ အထိ ရှိခဲ့ကာ အပြင်းဆုံး လေတိုက်ခတ်နှုန်းအထိ ရောက်ရှိခဲ့ကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း လူနေအိမ်များ၊ ရုံးအဆောက်အဦများ၊ သာသနိကအဆောက်အဦများ အမိုးလန်ပျက်စီးခြင်းနှင့် ပြိုကျပျက်စီးခြင်း၊ ရုပ်သံထပ်ဆင့်လွှင့် တာဝါတိုင်နှင့် ဆက်သွယ်ရေး တာဝါတိုင်အချို့ ပြိုကျပျက်စီးခဲ့ပြီး ၁၄ ရက်အထိ သေဆုံးသူ နှစ်ဦး၊ ထိခိုက်ဒဏ်ရာရ ၂၈ ဦးရှိကြောင်း ကနဦးသတင်းများအရသိရှိရကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ရခိုင်ပြည်နယ်အတွင်း လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် ကိုယ်တိုင်ကိုယ်ကျ လာရောက်ကြည့်ရှုခဲ့ခြင်းဖြစ်ပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့အတွင်း ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့မှုများကို ကြည့်ရှုစဉ်။





ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်း ပျက်စီးဆုံးရှုံးခဲ့မှုများကို ဝေဟင်မှ မြင်တွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်၍ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအတွက် အရေးပေါ်အစည်းအဝေး ကျင်းပပြုလုပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်၍ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအတွက် အရေးပေါ်အစည်းအဝေး ကျင်းပပြုလုပ်

**❊ မိမိတို့အနေဖြင့် မုန်တိုင်းအန္တရာယ် သတိပေးချက်များကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ခဲ့မှုများကြောင့် မုန်တိုင်းတိုက်ခတ်ချိန် တွင် လူ့အသက်အန္တရာယ်ထိခိုက်မှုများကို အနည်းဆုံးအခြေအနေ ဖြင့် ကျော်လွှားနိုင်ခဲ့**

**နေပြည်တော်  မေ  ၁၅**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ယနေ့နံနက် ၇ နာရီတွင် ထုတ်ပြန်သည့် ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) သတိပေးချက်များအရ ချင်းပြည်နယ် မတူပီမြို့အနီးမှ ကုန်းတွင်းပိုင်းသို့ ရွေ့လျားဝင်ရောက်ခဲ့သည့် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) "မိုခါ" (MOCHA) သည် မြောက်-အရှေ့ မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) "မိုခါ" (MOCHA) အဖြစ်သို့ အားလျော့သွားခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ကသာမြို့အနီးမှ မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်ခဲ့ပြီးဖြစ်သည့် မြို့၊ ရွာများနှင့် မုန်တိုင်း ဆက်လက်ရွေ့လျားရာ လမ်းကြောင်းတစ်လျှောက်၌ လိုအပ်သည့် အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားရှိခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး အရေးပေါ်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး စုဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဒေါက်တာ ကံဇော်နှင့် ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခဲ့သည့်နေရာများ၌ သွပ်နှင့် လျှပ်စစ်ဓာတ်အားများ လိုအပ်လျက်ရှိမှု၊ မုန်တိုင်းသင့်ဒေသများတွင် အရေးပေါ် ကူညီကယ်ဆယ်ရေး ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားသည့် ယာဉ်အစုအဖွဲ့များမှ ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ထပ်မံစေလွှတ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုတို့ကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်က မုန်တိုင်းတိုက်ခတ်မှု အခြေအနေများ၊ မိုးရွာသွန်းမှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများ၊ ဆိုင်ကလုန်းမုန်တိုင်း မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နိုင်မှု အခြေအနေများကို သုံးသပ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအရ မုန်တိုင်း ဖြတ်သန်းဝင်ရောက်နိုင်မည့် လမ်းကြောင်းပေါ်ရှိ မြို့၊ ရွာများကို ဆက်သွယ်မှု မပြတ်တောက်စေရေး ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် ယခုမုန်တိုင်း ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးသည့် မြို့၊ ရွာများ၌လည်း ကြိုတင်ပြင်ဆင်ပြောင်းရွှေ့ခြင်းများနှင့် အခြားလိုအပ်သည်များကို တပ်မတော်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများ၏ ဝိုင်းဝန်းစုပေါင်း၍ ကြိုတင်ပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်နိုင်ခဲ့သောကြောင့် လူများ သေကျေထိခိုက်မှု အနည်းဆုံးအခြေအနေဖြင့် ကျော်လွှားနိုင်ခဲ့မှုအခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

## အမြန်ဆုံး ပို့ဆောင်ပေးရန်လို

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တပ်မတော်စစ်အင်ဂျင်နီယာတပ်ဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်စုပုံထားရှိသည့် သွပ်နှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများကို လေယာဉ်များ၊ မော်တော်ယာဉ်များ၊ တပ်မတော်စစ်ရေယာဉ်များဖြင့် အမြန်ဆုံး ပို့ဆောင်ပေးရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင် တည်ဆောက်ရေးအတွက်လည်း စစ်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များကို အမြန်ဆုံး စေလွှတ်ပေးရမည်ဖြစ်ကြောင်း၊ အလားတူစားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများကိုလည်း ပို့ဆောင်ပေးရန်လိုကြောင်း၊ မုန်တိုင်းသင့်ဒေသများသို့ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများ ရောက်ရှိရာတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး စုပုံထားရှိသည့်အချိန်၌ ယာယီတဲများဖြင့် ထားရှိနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ မုန်တိုင်းဒဏ်သင့်ဒေသများသို့ ကူညီရေးပစ္စည်းများ ပေးပို့လှူဒါန်းလိုသည့် အလှူရှင်များ လှူဒါန်းနိုင်ရေး ဆောင်ရွက်၍ အမြန်ဆုံး ပို့ဆောင်ပေးရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က မုန်တိုင်းသင့်ဒေသများသို့ ပို့ဆောင်နိုင်ရန်အတွက် ဒေသအလိုက်စုပုံထားရှိသည့် အရန်ဆန်များကို အမြန်ဆုံး ပို့ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့နိုင်ရေးအတွက် တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များကို အသင့်ပြင်ဆင်ထားရှိပြီး အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးနိုင်ရေး အသင့်ပြုလုပ်ထားရှိမှု၊ အသင့်စား ခေါက်ဆွဲခြောက်များနှင့် ရေသန့်များ အပါအဝင် စားသောက်ဖွယ်ရာများ၊ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် သွပ်နှင့် သွပ်မိုးများအပါအဝင် ဆောက်လုပ်ရေးသုံးပစ္စည်းများကို အသင့်ပြင်ဆင်၍ အမြန်ဆုံးပေးပို့နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်မှု ပြတ်တောက်ခဲ့သည့် မုန်တိုင်းသင့်ဒေသများ၌ ဆက်သွယ်ရေးလိုင်းများ ပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ မုန်တိုင်းသင့်ဒေသများ၌ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များကို စေလွှတ်လျက်ရှိမှုနှင့် ထပ်မံစေလွှတ်နိုင်ရေး အသင့်ပြင်ဆင်ထားရှိမှု၊ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ စေတီပုထိုးအချို့ ထိခိုက်ပျက်စီးမှု၊ မုန်တိုင်းဒဏ်သင့်ဒေသများတွင် ရေဝင်ရောက်မှုကြောင့် ဝမ်းရောဂါများ ဖြစ်ပွားလာနိုင်သဖြင့် သောက်သုံးရေများ သန့်ရှင်းမှုရှိစေရေး ရေသန့်စင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရန် လိုအပ်မှု၊ မုန်တိုင်းနှင့် ပတ်သက်သည့် သတင်းများ၊ သတိပေးထုတ်ပြန်ချက်များနှင့် မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်မှုများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## အမြန်ဆုံး ပြန်လည်ပြုပြင်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့အနေဖြင့် မုန်တိုင်းအန္တရာယ် သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ခဲ့မှုများကြောင့် မုန်တိုင်းတိုက်ခတ်ချိန်တွင် လူ့အသက်အန္တရာယ်ထိခိုက်မှုများကို အနည်းဆုံးအခြေအနေဖြင့် ကျော်လွှားနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်စုဖွဲ့ထားသည့် ကယ်ဆယ်ရေးအဖွဲ့များကို အမြန်ဆုံး စေလွှတ်ခြင်းနှင့် စားသောက်ဖွယ်ရာများ၊ ရေသန့်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းကိုလည်း အမြန်ဆုံးပို့ဆောင်ပေးရန်လိုကြောင်း၊ ဆက်သွယ်မှုပြတ်တောက်ခဲ့သည့် ဒေသများတွင် ဆက်သွယ်မှုကွန်ရက်များ ပြန်လည်ကောင်းမွန်စေရေး အမြန်ဆုံး ပြန်လည်ပြုပြင်ပေးရန်လိုကြောင်း၊ မုန်တိုင်းဆက်လက်ဖြစ်ပေါ်နေသည့် သတင်းအချက်အလက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရေး တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများကိုလည်း ပြုပြင်ထိန်းသိမ်းရန် လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မုန်တိုင်းဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။

# မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲ ကျင်းပပြုလုပ်

**နေပြည်တော် မေ ၁၅**

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) “မိုခါ” (MOCHA) ဝင်ရောက်မှုကြောင့် မုန်တိုင်းဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန် ဧည့်ခန်းဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဒေါက်တာကံဇော်၊ ဦးမောင်မောင်အုန်းနှင့် ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**တစ်တပ်တစ်အား ပါဝင်လှူဒါန်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မုန်တိုင်းဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ပြောကြားရာတွင် ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” (MOCHA) ကြောင့် ရခိုင်ပြည်နယ်အတွင်း ထိခိုက်ပျက်စီးခဲ့ရသည့် ပျက်စီးဆုံးရှုံးမှုများနှင့် မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ခဲ့ရသည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အချို့ဒေသများမှ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် နိုင်ငံတော်မှ ဦးဆောင်၍ ဆောင်ရွက်သည့် ပြန်လည်ကယ်ဆယ်ရေးနှင့် ထူထောင်ရေးလုပ်ငန်းများတွင် ယခုကဲ့သို့ တစ်တပ်တစ်အား ပါဝင်လှူဒါန်းကြသည့်အတွက် ဝမ်းမြောက်ပါကြောင်း။

**ထိခိုက်မှုကို လျော့နည်းစေခဲ့**

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ မမျှော်မှန်းနိုင်သည့် ကိစ္စရပ်ဖြစ်ကြောင်း၊ သို့သော် ကြိုတင်ပြင်ဆင်မှုများ ကောင်းမွန်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခြင်းများရှိပါက အတိုင်းအတာတစ်ခုအထိ အနည်းငယ်လျော့ကျသွားနိုင်သည်ကိုလည်း တွေ့ရကြောင်း၊ မုန်တိုင်းနှင့်ပတ်သက်၍ လွန်ခဲ့သည့် ၉ ရက်ခန့်ကတည်းက မုန်တိုင်းကျရောက်နိုင်ကြောင်း မိုးလေဝသသတင်းများအရ သိရှိခဲ့ရကြောင်း၊ အဆိုပါအချိန်တွင် တောင်တရုတ်ပင်လယ်အတွင်း ဖြစ်ပေါ်လျက်ရှိသည့် မုန်တိုင်းနှင့် အိန္ဒိယသမုဒ္ဒရာအတွင်း ဖြစ်ပေါ်နေသည့် မုန်တိုင်းတို့ဖြစ်ကြောင်း၊ အဆိုပါမုန်တိုင်းနှစ်ခုဆုံမည်ဆိုပါက မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နိုင်သည်ကို တာဝန်ရှိသူများက မိမိထံလာရောက်တင်ပြခဲ့ကြောင်း၊ ထို့ကြောင့် အရေးပေါ်အစည်းအဝေးများကို ဆောင်ရွက်စေပြီး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်စေခဲ့ကြောင်း၊ တောင်တရုတ်ပင်လယ်တွင် ဖြစ်ပွားနေသည့် မုန်တိုင်းမှာ အားနည်းပြီး ပျက်ပြယ်သွားသဖြင့် မိမိတို့နိုင်ငံအနေဖြင့် မုန်တိုင်းဒဏ် ထိခိုက်မှုကို လျော့နည်းစေခဲ့ကြောင်း။

မုန်တိုင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းကို တာဝန်ပေး၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်စေခဲ့ကြောင်း၊ မုန်တိုင်းသည် မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်နိုင်သည်ကို တာဝန်ရှိသူများက တင်ပြခဲ့သဖြင့် သိလျှင်သိချင်း သတိပေးချက်များကို ချက်ချင်းထုတ်ပြန်စေခဲ့ပြီး ပြောင်းရွှေ့မှုများနှင့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်စေခဲ့ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ မုန်တိုင်းဒဏ်ကျရောက်ချိန်တွင် လူအများ ထိခိုက်သေဆုံးမှုကို များစွာ ရှောင်ရှားနိုင်ခဲ့ပြီး ယခုအချိန်အထိ သိရှိရသော သတင်းအချက်အလက်များအရ ငါးဦးသာ သေဆုံးခဲ့ကြောင်း၊ ကြိုတင်ပြင်ဆင်မှုများ ကောင်းမွန်စွာဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ထိခိုက်မှုအနည်းဆုံးဖြင့် ပြင်းထန်သည့် မုန်တိုင်းဒဏ်ကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ခြင်း ဖြစ်ကြောင်း။

*စာမျက်နှာ ၇ သို့*

**❍ ယခုကဲ့သို့ တိုင်းပြည်အနေဖြင့် အခက်အခဲကြုံတွေ့နေရချိန်တွင် စိတ်စေတနာထက်သန်စွာဖြင့် မည်သူ့၏ တိုက်တွန်းမှုမှမပါဘဲ ကိုယ်တိုင်ကိုယ်ကျလှူဒါန်းကြသူ အလှူရှင်များနှင့် အဝေးမှ လှူဒါန်းသည့် အလှူရှင်များ၏ စိတ်စေတနာကို လေးစားတန်ဖိုးထား၊ “တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိသည်” ဆိုသည့်အတိုင်း မိမိတို့တိုင်းပြည်အတွက် ဆောင်ရွက်ချိန်တွင် အရေးကြီးမှ သွေးစည်းသည် မဟုတ်ဘဲ အရေးကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ တိုင်းပြည်မှ လိုအပ်လာချိန်တွင် ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့တိုင်းပြည် သွားချင်သည့်လမ်းကြောင်းပေါ်တွင် သာယာဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်မည်ဟုယုံကြည်**

*စာမျက်နှာ ၆ မှ*

မုန်တိုင်းကြောင့် ထိခိုက်မှုများဖြစ်ပေါ်ပြီးချိန်တွင် စေတနာရှင်၊ အလှူရှင်များက ပါဝင်လှူဒါန်းလိုကြောင်း သိရှိရခြင်းကြောင့် ယခုကဲ့သို့ လှူဒါန်းပွဲကို ကျင်းပ၍ အလှူငွေများကို လက်ခံခဲ့ခြင်းဖြစ်ကြောင်း၊ **“တိုင်းပြည်၏ အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုသည့်အတိုင်း မိမိအနေဖြင့် ခံယူထားပြီး ယခုကဲ့သို့ တိုင်းပြည်အတွက် လိုအပ်ချိန်တွင် အားတက်သရော ပါဝင်လှူဒါန်းခြင်းများကြောင့် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ AHA Center မှ တာဝန်ရှိသူများအနေဖြင့်လည်း အကူအညီများ ပေးအပ်နိုင်ရေး မြန်မာနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ အလားတူ အခြားနိုင်ငံများအနေဖြင့်လည်း အကူအညီများ ပေးအပ်ရန် ကမ်းလှမ်းလာကြောင်း။

**ခွဲဝေလှူဒါန်းပေးသွားမည်**

ယခုကဲ့သို့ မုန်တိုင်းဒဏ်သင့်ဒေသများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို မည်သည့်တိုက်တွန်းမှုမှ မပါဘဲ စေတနာအပြည့်ဖြင့် လာရောက်လှူဒါန်းကြခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၁ ခုနှစ်မှစ၍ အခက်အခဲ အကျပ်အတည်းများကြားမှ ကျော်ဖြတ်နေရခြင်းဖြစ်ကြောင်း၊ အဆိုပါ အခက်အခဲ အကျပ်အတည်းများကို ကျော်ဖြတ်နေရချိန်တွင် ယခုကဲ့သို့ လှူဒါန်းနိုင်ခြင်းမှာလည်း စီးပွားရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာပြီး နိုင်ငံ၏စီးပွားရေး ပြန်လည် ကောင်းမွန်လာခြင်းကြောင့် ဖြစ်ကြောင်း၊ အလှူရှင်များ၏ စိတ်စေတနာနှင့် စီးပွားရေးကောင်းမွန်လာသည့် အခြေအနေများကြောင့် လှူဒါန်းမှုများကို ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ အခက်အခဲ အကျပ်အတည်းများကို ဖြတ်ကျော်ခဲ့ပြီး နိုင်ငံအတွက် လိုအပ်သည့်အချိန်တွင် **“လှည်းနေလှေအောင်း မြင်းဇောင်းမကျန်”** လှူဒါန်းမှုများကို မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယခုလှူဒါန်းမှုများကို ရခိုင်ပြည်နယ်အတွက်သာမက အခြားမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခဲ့ရသည့် ဒေသများကိုပါ ခွဲဝေလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း။

**ညီညီညွတ်ညွတ်ဖြင့်ဆောင်ရွက်**

ယခုကဲ့သို့ တိုင်းပြည်အနေဖြင့် အခက်အခဲ ကြုံတွေ့နေရချိန်တွင် စိတ်စေတနာ ထက်သန်စွာဖြင့် မည်သူ့၏ တိုက်တွန်းမှုမှမပါဘဲ ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းကြသူ အလှူရှင်များနှင့် အဝေးမှ လှူဒါန်းသည့် အလှူရှင်များ၏ စိတ်စေတနာကို လေးစားတန်ဖိုးထားပါကြောင်း၊ ဝမ်းလည်း ဝမ်းမြောက်ပါကြောင်း၊ **“တိုင်းပြည်၏ အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုသည့်အတိုင်း မိမိတို့တိုင်းပြည်အတွက် ဆောင်ရွက်ချိန်တွင် အရေးကြီးမှ သွေးစည်းသည်မဟုတ်ဘဲ အရေးကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ တိုင်းပြည်မှ လိုအပ်လာချိန်တွင် ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့တိုင်းပြည် သွားချင်သည့် လမ်းကြောင်းပေါ်တွင် သာယာဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**လက်ခံရယူ**

ထို့နောက် မုန်တိုင်းဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ မိသားစုများကိုယ်စား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက အလှူငွေကျပ်သိန်း ၁၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူသည်။

**အလှူငွေပေးအပ်လှူဒါန်း**

ထို့နောက် တက်ရောက်လာကြသည့် စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်ပေးအပ်လှူဒါန်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူခဲ့သည်။

**သိန်းပေါင်း ၁၃၁၈၁၀ သိန်း ဖြစ်**

မုန်တိုင်းဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းငွေမှာ စုစုပေါင်း အလှူငွေကျပ်သိန်းပေါင်း ၁၃၁၈၁၀ သိန်း ဖြစ်သည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် စေတနာရှင်၊ အလှူရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

# ပုဂံညောင်ဦးဒေသ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၁၅**

ပုဂံညောင်ဦးဒေသအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ညောင်ဦးမြို့ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး တေဇကျော်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (ဓာတ်ပုံ)



**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ဦးစွာ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများမှ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ၊ ပြန်လည်ထူထောင်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များအား ဆွေးနွေးတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး တေဇကျော်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အာနန္ဒာဘုရား၊ စူဠာမဏိဘုရားတို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုရားအတွင်း ရေဝင်ရောက်မှုကို ရေစုပ်ထုတ်ခြင်း၊ ရေဖောက်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ထီးလိုမင်းလိုဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညို၍ ဘုရားအရှေ့ဘက် အဝင်မုခ် ချင်မိတ်တိုးရေနှုး၍ ပွဲကျပျက်စီးခြင်းအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင်ကိုင်ဆောင်ထားသည့် လက်နက်ခဲယမ်းများအား လိုင်စင်လျှောက်ထားရန် အသိပေးထုတ်ပြန်ချက်

၁။ ယနေ့အချိန်ကာလတွင် အကြမ်းဖက်သမားများက အပြစ်မဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက်သတ်ဖြတ်တိုက်ခိုက်မှုများကြောင့် ပြည်သူလူထုအတွင်း၌ လူပုဂ္ဂိုလ် လုံခြုံရေးကို စိုးရိမ်ကြသည့်အတွက် လက်နက်ခဲယမ်းများကို နည်းလမ်းမျိုးစုံဖြင့် ရှာဖွေကာ တရားမဝင်ကိုင်ဆောင်လျက်ရှိကြောင်း ကြားသိနေရပါသည်။ မူလရည်ရွယ်ချက်မှာ လူပုဂ္ဂိုလ်လုံခြုံရေးအတွက်ဖြစ်သော်လည်း လက်နက်ခဲယမ်းများ လက်ဝယ်ရှိနေချိန်တွင် လူ၏စိတ်သည် အချိန်မရွေးပြောင်းလဲသွားနိုင်ပြီး တရားမဝင် ကိုင်ဆောင်ထားခြင်းဖြစ်သဖြင့် တစ်ချိန်ချိန်တွင် တလွဲအသုံးပြုမှုများ ဖြစ်ပေါ်လာနိုင်သည့်အပြင် ဥပဒေနှင့်လည်း ညီညွတ်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် တရားမဝင်လက်နက်ခဲယမ်း ကိုင်ဆောင်မှုများ လျော့နည်းပပျောက်စေရေးနှင့် လက်နက်ခဲယမ်းများကို တလွဲအသုံးပြုမှုများ မဖြစ်ပေါ်စေရေးအတွက် လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူနှင့်အညီ စနစ်တကျလိုင်စင်ထုတ်ပေးရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လိုင်စင်လျှောက်ထားသည့်အခါ လျှောက်ထားသည့် သေနတ်အား မည်သို့မည်ပုံရရှိသည်ကို စစ်ဆေးမေးမြန်းသွားမည်မဟုတ်ဘဲ လျှောက်ထားလိုသည့် လက်နက်ခဲယမ်းနှင့်တကွ အပ်နှံလျှောက်ထားရမည်ဖြစ်ပါသည်။ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လိုင်စင် လျှောက်ထားမှုအပေါ် လက်နက်ခဲယမ်း ကိုင်ဆောင်ခွင့်မူနှင့်အညီစိစစ်၍ သတ်မှတ်ချက်နှင့် ကိုက်ညီသူများကို လိုင်စင်ထုတ်ပေးသွားမည်ဖြစ်ပါသည်။ သီးခြားထုတ်ပြန်ပေးမည့် သတ်မှတ်ကာလအတွင်း လက်နက်ခဲယမ်း အပ်နှံ၍ လိုင်စင်လျှောက်ထားခြင်းမရှိပါက ဖော်ထုတ်ဖမ်းဆီး၍ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

# မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၁၅**

မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များ အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ (ဓာတ်ပုံ)

**တက်ရောက်**

အစည်းအဝေးကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသန်းဆွေ ဦးဆောင်၍ ကျင်းပခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် တရုတ်နိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေးကိစ္စ၊ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဒေသကုန်သွယ်မှု မြှင့်တင်ရေးနှင့် နယ်စပ် ဝင်/ထွက် ဂိတ်များ မှတစ်ဆင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကိစ္စ၊ ကုန်သွယ်ရေးတွင် ယွမ်-ကျပ် တိုက်ရိုက် သုံးစွဲမှုမြှင့်တင်ရေးကိစ္စ၊ မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များ တရုတ်နိုင်ငံသို့ ပိုမိုတင်ပို့ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပဲခူးတက္ကသိုလ်၌ Grade - 12 သင်ရိုးသစ် ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**ပဲခူး မေ ၁၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ မေ ၁၅ ရက် နံနက်ပိုင်းက ပဲခူးတက္ကသိုလ် စုဝေးခန်းမ၌ ဖွင့်လှစ်သည့် Grade-12 သင်ရိုးသစ် ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် လူသားအရင်းအမြစ်ကောင်းမွန်ရေးသည် အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံသားတို့၏ အတွေးအခေါ် အယူအဆ၊ သဘောထားများ၊ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုများဖြင့် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရမည်ဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသလို ခေတ်မီပညာများကို သင်ယူတတ်မြောက်စေရေး သင်ရိုးညွှန်းတမ်းများကို အဆင့်မြှင့်တင်ရေးဆွဲလျက်ရှိကာ သင်တန်းနှစ်အလိုက် စနစ်သစ်ပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းပြည်အနာဂတ်အတွက် အရည်အချင်းရှိသော တပည့်များ မွေးထုတ်ပေးနိုင်ရေး အရည်အသွေးမြင့်မားသည့် ဆရာ ဆရာမများဖြစ်ရန် လိုအပ်ကြောင်း၊ သင်ရိုးသစ်ဆင့်ပွားသင်တန်းမှတစ်ဆင့် အခြေခံပညာ ကျောင်းသား ကျောင်းသူများ ကို အရည်အသွေးပြည့်ဝသော ဗလငါးတန်နှင့်ပြည့်စုံသော လူတော်လူကောင်းများ၊ နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးနိုင်ရေး အစွမ်းကုန် ကြိုးစားသင်ယူလေ့လာကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးအေးခိုင်က Grade – 12 သင်ရိုးသစ် ဆင့်ပွားသင်တန်း ဘာသာရပ်အလိုက် ဖွင့်လှစ်သင်ကြားပေးသွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က Grade – 12 သင်ရိုးသစ် ဆင့်ပွားသင်တန်းသို့ တက်ရောက်သည့် အခြေခံပညာ ဆရာ ဆရာမများအတွက် ငွေကျပ်သိန်း ၅၀ အား ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ယာပုံ)** ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ပြီး သင်ကြားရေးအဆောင်များ၊ လက်တွေ့ခန်းများအား လှည့်လည်ကြည့်ရှုသည်။



ပဲခူးတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများတွင် Grade – 12 သင်ရိုးသစ်အား ကျောင်းဖွင့်ရာသီအမီ အရည်အသွေးပြည့်ဝစွာ သင်ကြားပေးနိုင်ရေးအတွက် အခြေခံပညာအထက်တန်းပြ ဆရာ ဆရာမ စုစုပေါင်း ၄၅၆၇ ဦးအား ပဲခူးတက္ကသိုလ်တွင် ၁၄၅၁ ဦး၊ တောင်ငူတက္ကသိုလ်တွင် ၁၁၁၂ ဦးနှင့် ပြည်တက္ကသိုလ်တွင် ၂၀၀၄ ဦးတို့အား သုံးနေရာခွဲ၍ မေ ၁၅ ရက်မှ မေ ၂၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

တင်စိုး(ပဲခူး)



# ရွှေတောင်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် နေအိမ်များအတွက် ထောက်ပံ့ပေးအပ်

**ရွှေတောင် မေ ၁၅**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၁၄ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် လူနေအိမ် နှစ်လုံး၊ အမိုးလန်ပျက်စီးခဲ့သည့် လူနေအိမ် ၁၁ လုံးအား ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးသန့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်ချိုနှင့် ဝန်ထမ်းများ၊ မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များက လေဘေးသင့်၍ ပြိုကျပျက်စီးခဲ့သည့် လူနေအိမ် နှစ်လုံးနှင့် အမိုးလန်ပျက်စီးခဲ့သည့် လူနေအိမ် ၁၁ လုံးတို့အား ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အိမ်ဆောက်ပစ္စည်းဖိုး၊ ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၇၁၉၈၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ပုံးနှစ်ပုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ ခေါက်ဆွဲခြောက်ထုပ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)

ကိုကိုမင်း(ပြန်/ဆက်)

# ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ညောင်ဦးမြို့နယ် ပုဂံဒေသရှိ သာသနိကအဆောက်အဦအချို့ အနည်းငယ်ပျက်စီး ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် မန်းရွှေစက်တော်ရာဘုရား(အောက်စက်တော်ရာ) ရေများ ပြန်လည်ကျဆင်း



**နေပြည်တော် မေ ၁၅**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"(MOCHA)၏ အရှိန်ကြောင့် ဒီရေမြင့်တက်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက် ရေကြီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

**မန်းချောင်းရေမြင့်တက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်မှုကြောင့် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ မန်းရွှေစက်တော်ရာ ဘုရား (အောက်စက်တော်ရာ) အတွင်း မန်းချောင်းရေမြင့်တက်မှုကြောင့် ငါးပေခန့် ရေဝင်ရောက်ခြင်း၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံဒေသရှိ ဓမ္မရာဇကဘုရားကြီး ရင်ပြင်တော်အုတ်ခုံပြိုကျခြင်း၊ ထီးလိုမင်းလိုဘုရား အရှေ့ဘက်မုခ်ဦးပွဲကျခြင်း၊ သဗ္ဗညုဘုရား အုတ်တံတိုင်းပွဲကျခြင်း၊ ရွှေဘုံသာစေတီတော်ပြိုကျ၍ ထီးတော်မြေခခြင်းများ ဖြစ်ပေါ်ခဲ့သည်။

**ရေများ ပြန်လည်ကျဆင်း**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့် ဘာသာရေးဆိုင်ရာ အဆောက်အဦများနှင့် စေတီပုထိုးများအား ရှေးဟောင်းသုတေသနနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ပြုပြင်နိုင်ရေး လိုအပ်သည်များ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရေဝင်ရောက်မှု ဖြစ်ပေါ်ခဲ့သည့် မန်းရွှေစက်တော်ရာ ဘုရား (အောက်စက်တော်ရာ) မှ ယခုအခါ ရေများ ပြန်လည်ကျဆင်းသွားပြီ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်ခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွှဲပြောင်းတာဝန်ထမ်းဆောင်လျက်ရှိပြီး နိုင်ငံတော်ကို စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၁၂) ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နေချိန်တွင် ပြည်သူလူထုအား နိုင်ငံရေးဝါဒမှိုင်းတိုက်ပြီး နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေး ဦးတည်ဆောင်ရွက်လိုသူများက ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG)နှင့် NUG ၏ လက်ဝေခံဖြစ်သည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့(PDF) အမည်ခံအကြမ်းဖက်အဖွဲ့အစည်းများကို ဥပဒေမဲ့ တရားမဝင်ဖွဲ့စည်း၍ လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသဖြင့် နိုင်ငံတော်က အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ အကြမ်းဖက်အဖွဲ့များအဖြစ် ကြေညာခဲ့ပါသည်။

၂။ အဆိုပါ အကြမ်းဖက်အဖွဲ့အစည်းများက အပြစ်မဲ့ပြည်သူများကို အကြောက်တရားဖြင့် ဝါဒမှိုင်းတိုက်၍ ဆွဲဆောင်စည်းရုံးကာ အကြမ်းဖက်အဖွဲ့အစည်းများသို့ ဝင်ရောက်စေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိရာဒေသများသို့ စေလွှတ်၍ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ရောက်စေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်စေခြင်းတို့ကို လုပ်ဆောင်စေခဲ့ပြီး လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်မှုများကို လုပ်ဆောင်စေခဲ့ပါသည်။ ၎င်းတို့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူအမြောက်အမြား အသက်ဆုံးရှုံးခဲ့ကြရပါသည်။ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်ပေါ်စေခဲ့ပါသည်။

၃။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည့်အတွက် ပြည်သူများ၏စုပေါင်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသောဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်နိုင်မှသာ လိုရာပန်းတိုင်ကို အချိန်တိုအတွင်း ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသူများ၏ ဝါဒမှိုင်းအောက်မှရုန်းထွက်ကာ နိုင်ငံတော်တည်ဆောက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်ကြရမည့်အချိန်အခါဖြစ်သည့်အတွက် အကြောင်းအမျိုးမျိုးကြောင့် PDF အပါအဝင် အကြမ်းဖက်အဖွဲ့များအတွင်း ရောက်ရှိနေသူများ၊ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်ရန်အတွက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်အပ်ပါသည်။ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် လူသတ်မှု၊ မုဒိမ်းမှု၊ သူတစ်ပါးအပေါ် ထိခိုက်နစ်နာစေမှု စသည့်ပြစ်မှုတစ်ခုခု ကျူးလွန်ထားသူဖြစ်ပါက ဥပဒေအရ တရားရုံးတွင် အမှုရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပြစ်မှုအတိုင်းအတာအပေါ်မူတည်၍ ဥပဒေကြောင်းအရ လိုအပ်သည့်ဖြေလျှော့မှုများကို ပြုလုပ်ပေးသွားမည် ဖြစ်ပါသည်။

၄။ ယင်းသို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပါက လိုအပ်သည့်ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လက်နက်/ခဲယမ်းပါရှိလာသူများကို အောက်ပါအတိုင်း ဆုကြေးငွေ ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည် -

- (က) ရိုင်ဖယ်အုပ်စုဝင်သေနတ် (၁) လက်ပါရှိပါက ကျပ် (၅၀) သိန်း၊
- (ခ) ပစ္စတိုအုပ်စုဝင်သေနတ်(၁)လက်ပါရှိပါက ကျပ် (၂၀) သိန်း၊
- (ဂ) ပြောင်းချောသေနတ်(၁)လက်ပါရှိပါက ကျပ် (၃၀) သိန်း၊
- (ဃ) စိန်ပြောင်း၊ လောင်ချာ၊ အာပီဂျီကဲ့သို့သော လက်နက်များ(၁)လက်ပါရှိပါက ကျပ် (၇၅)သိန်း၊
- (င) လက်လုပ်ပြောင်းချောသေနတ်၊ လက်လုပ်စိန်ပြောင်း၊ လက်လုပ်သေနတ် (၁)လက်ပါရှိပါက ကျပ်(၅)သိန်း၊
- (စ) လက်လုပ်မိုင်းများ၊ လက်ပစ်ဗုံးများပါရှိပါက ကျပ် (၃) သိန်း၊
- (ဆ) လက်နက်/ခဲယမ်းမှအပ အခြားအသုံးအဆောင်ပစ္စည်းများ (ဥပမာ- စကားပြောစက်) ပါရှိပါက ကျပ် (၂) သိန်း။
- (ဇ) ဗုံးဖောက်ခွဲရေးအတွက် အသုံးပြုနိုင်သော Drone (၁) စင်းပါရှိပါက ကျပ် (၅၀) သိန်း။

၅။ သို့ဖြစ်ပါ၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပို့၍ ဝင်ရောက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့် အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) တို့ ပူးပေါင်းဖွင့်လှစ်သည့် မြန်မာပြက္ခဒိန်ပညာ ဘွဲ့လွန်ဒီပလိုမာသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၅**

၂၀၂၃ – ၂၀၂၄ ပညာသင်နှစ် မြန်မာပြက္ခဒိန်ပညာ ဘွဲ့လွန်ဒီပလိုမာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ်(၁၃၁) အနုပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစိုင်းဂျက်ကော့ထူး၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာပြက္ခဒိန်ပညာရှင်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။



**သက်တမ်း ၇၄ နှစ်အတွင်းဝင်ရောက်**

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွတ်လပ်ရေးရပြီး နှစ်နှစ်ခန့်အကြာ ၁၉၅၀ ပြည့်နှစ် စက်တင်ဘာလ ၁ ရက်တွင် မြန်မာ့ဓလေ့ထုံးစံများနှင့်အညီ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ယခုအထိ သက်တမ်း ၇၄ နှစ်အတွင်း ချင်းနင်းဝင်ရောက်ခဲ့ပြီ ဖြစ်ပါကြောင်း။

ရှေးနှစ်ပေါင်းများစွာကပင် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်ပညာရှင်အသီးသီးတို့က နည်းယူလေ့လာကြိုးပမ်းအားထုတ်ပြီး အထောက်အထားခိုင်မာစွာ မှတ်တမ်းပြုစုထားရှိခဲ့ကြသည့် "သံဒိဋ္ဌ တွက်ရိုးပညာ၊ သူရိယသိဒ္ဓန္တတွက်ရိုးပညာ၊ သင်္ကြန်တွက်ရိုးပညာ၊ ပြက္ခဒိန်ပညာ၊ နက္ခတ္တပညာ၊ လထပ်ရက်ငင် လေ့လာချက်ပညာ၊ နေကြတ်၊ လကြတ် လေ့လာချက်ပညာ၊ ဇာတာဖွဲ့နည်းပညာနှင့် မင်္ဂလာအခါပေးပညာရပ်"များကို ယခုဖွင့်လှစ်သောသင်တန်းတွင် သင်ကြားပို့ချပေးသွားမည်ဖြစ်ပါကြောင်း။

**ဗဟုသုတဘဏ်တိုက်**

ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသည်ဟု အသိအမှတ်ပြုခြင်းခံရသော နိုင်ငံတိုင်းသည် ကိုယ်ပိုင်ပြက္ခဒိန်ကိုရေးဆွဲပြီး အသုံးပြုနိုင်ကြပါကြောင်း၊ ပြက္ခဒိန်ဆိုသည်မှာ နေ့၊ ရက်၊ လ၊ နှစ်၊ ရာသီနှင့် အချိန်တို့ကို ပိုင်းခြားသတ်မှတ်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတိုင်း၌ သတ်မှတ်ရေးဆွဲထားသော ပြက္ခဒိန်များတွင် ရက်၊ လ၊ နှစ် ကာလအပိုင်းအခြားများသာမက ထိုပြက္ခဒိန်ရေးဆွဲသည့် နိုင်ငံတို့၏ ဓလေ့ထုံးတမ်းများ၊ ကိုးကွယ်ယုံကြည်မှု ဘာသာတရားဆိုင်ရာများ၊ ဆောင်အပ်ရှောင်အပ်သည်များ၊ သဘာဝရာသီဥတု၏ သဘောတရားများ ဥပုသ်ပြုရန် ရက်သတ်မှတ်ချက်များ စသဖြင့် ဗဟုသုတဘဏ်တိုက်ကြီးသဖွယ် ပါရှိကြပါကြောင်း။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းတစ်ရပ်ဖြစ်သော ပြက္ခဒိန်ရေးဆွဲခြင်း၊ သင်္ကြန်စာ တွက်ချက်ရေးသားခြင်းစသည့် ပညာရပ်များကို နောင်အစဉ်အဆက် တိမ်ကောပပျောက်မှု မရှိစေရန်၊ မျိုးဆက်သစ်များဖြင့် စဉ်ဆက်မပြတ် အင်အားပြည့်ဝနေစေရန် ရည်ရွယ်၍ ဤ "မြန်မာပြက္ခဒိန်ပညာ ဘွဲ့လွန်ဒီပလိုမာသင်တန်း "ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာပြက္ခဒိန်ပညာ ဘွဲ့လွန်ဒီပလိုမာသင်တန်းတွင် အသုံးပြုရန် သင်ထောက်ကူပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းခဲ့သော အလှူရှင်များဖြစ်ကြသည့် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဦးပညိန္ဒ၊ (ဒီဃဘာဏက) ဘဒ္ဒန္တ အရိယဓမ္မ ၊ (သာသနဓဇဓမ္မာစရိယ၊ ဂန္ထဝါစက ပဏ္ဍိတ) ဘဒ္ဒန္တကုဒ္ဒိဗလ၊ ဘဒ္ဒန္တအဂ္ဂဓမ္မသာမိ၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင် ဦးအမ်းယုမောင်(မောင်လူမွေး-မြန်မာမှု)၊ ဒေါက်တာမျိုးဇော်ဦး + သီဟသုဓမ္မသိင်္ဂီ ဒေါ်အိအိမင်း(ခ) ဒေါ်ပန်းအိမိသားစု၊ ဦးတင်မျိုးအောင်(ခ) ဆရာသဲ + ဒေါ်စန္ဒာညို၊ သဒ္ဓမ္မဇောတိကဓဇ ဦးရန်နိုင်သိန်း + ဒေါ်ခင်ငြိမ်းငြိမ်းစိုး မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့ ဥက္ကဋ္ဌ ဆရာကြီး ဦးကျော်မြင့်၊ မြန်မာနိုင်ငံပြက္ခဒိန်ဘွဲ့လွန်ဒီပလိုမာသင်တန်း (၁/၂၀၂၃)မှ သင်တန်းသား ဦးအောင်မြင့်ဖိုလ်တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းက မြန်မာပြက္ခဒိန်ပညာ ဘွဲ့လွန်ဒီပလိုမာသင်တန်း ဖွင့်လှစ်ရန် စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာသူများက မြန်မာပြက္ခဒိန်ပညာ ဘွဲ့လွန်ဒီပလိုမာသင်တန်းခန်းမကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အကောင်အထည်ဖော်ဆောင်ရွက်မည့် Digital Payment Switch အား Financial Industry အတွင်းသို့ စတင်မိတ်ဆက်ခြင်း အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၅**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာကြူအာ (Myanmar Quick Respond – MMQR) အသုံးပြု၍ ဒစ်ဂျစ်တယ်ငွေပေးချေမှုများ အပြန်အလှန်ချိတ်ဆက်ပေးချေနိုင်သည့် Digital Payment Switch အား Industry နှင့် စတင် မိတ်ဆက်ခြင်း အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရုံးချုပ်) ရှိ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌများ၊ အမြဲတမ်း အတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေး အဖွဲ့အစည်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ Mastercard Asia Pacific Pte Ltd ၊ PayPlus Co., Ltd တို့၏ အကြီးတန်း စီမံခန့်ခွဲသူများ တက်ရောက်ကြပြီး နိုင်ငံခြားဘဏ်ခွဲများအားလုံးမှ တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

**ကတ်အချင်းချင်း ချိတ်ဆက်ပေးချေနိုင်**

အလုပ်ရုံ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက အမျိုးသားငွေပေးချေမှုစနစ် မဟာဗျူဟာ ( Myanmar National Payment System Strategy 2020–2025) အရ ချမှတ်ထားသော ငွေပေးချေမှုဆိုင်ရာ မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဘဏ်များအကြား ပမာဏကြီးမားသော ငွေပေးချေမှုများအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ငွေရေးကြေးရေးကွန်ရက်စနစ် (CBM–NET) ကို လည်းကောင်း၊ ကတ်အချင်းချင်း ချိတ်ဆက်ပေးချေနိုင်ရန်အတွက် မြန်မာငွေ ပေးချေမှုအဖွဲ့ (Myanmar Payment Union–MPU)ကိုလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ QR Code အသုံးပြု၍ လက်လီ ငွေပေးချေမှုများကို အချိန်နှင့် တစ်ပြေးညီ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် အပြန်အလှန် ချိတ်ဆက်ပေးချေနိုင်မည့် Digital Payment Switch အား ယခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

**မေးမြန်းဆွေးနွေး**

အဆိုပါ Digital Payment Switch ဖော်ဆောင်ပြီးပါက ရရှိနိုင်မည့် ကောင်းကျိုးများ၊ Industry မှ ကြိုတင်ပြင်ဆင်ထားရန်၊ Digital Payment များအားလုံး Interoperability ချိတ်ဆက်နိုင်ရန်နှင့် နောင်တွင် နယ်စပ်ဖြတ်ကျော် ပေးချေမှုများကို QR Code နှင့် အပြန်အလှန် ချိတ်ဆက် ပေးချေနိုင်ရေးအတွက် အသင့်အနေအထား ဖြစ်စေရန် Version Update ပြုလုပ်ထားသည့် MMQR Specification (new version) ၊ Participant များမှ Digital Payment Switch သို့ လာရောက်ချိတ်ဆက်ရာတွင် လိုအပ်သည့် Digital Payment Switch Network Readiness ၊ Digital Payment Switch အကောင်အထည်ဖော်မည့် Time–line တို့ကို ရှင်းလင်းပြောကြားကာ တက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။



**အကျိုးကျေးဇူးများရရှိမည်**

Digital Payment Switch တည်ထောင်ပြီးစီးပါက လုံခြုံ၍ စွမ်းရည်ပြည့်ဝသော ငွေပေးချေမှုစနစ်တစ်ရပ် ပေါ်ပေါက်လာမည်ဖြစ်ပြီး မည်သည့် မိုဘိုင်းပိုက်ဆံအိတ်ကိုမဆို အပြန်အလှန်ချိတ်ဆက်ပေးချေနိုင်မည် ဖြစ်သဖြင့် ငွေသားကိုင်တွယ်သုံးစွဲမှုလျှော့ချနိုင်ခြင်း၊ ဟွန်ဒီကဲ့သို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ပေးချေမှုများကို ဒစ်ဂျစ်တယ်ပေးချေမှုများ ပိုမိုသုံးစွဲစေခြင်းဖြင့် တရားဝင်ငွေစီးဆင်းမှု မူဘောင်အား ဖော်ဆောင်နိုင်ခြင်း၊ စီးပွားရေးစနစ်အတွင်း ငွေကြေးစီးဆင်းမှု မြန်ဆန်ပြီး ငွေရေးကြေးရေးဈေးကွက်ဖွံ့ဖြိုးခြင်း၊ တိုးတက်မှုနှင့်အတူ နိုင်ငံစီးပွားရေးစနစ်အား အထောက်အကူ ဖြစ်စေခြင်းနှင့် အီလက်ထရွန်နစ် ငွေပေးချေမှုနည်းလမ်းများလာခြင်းမှတစ်ဆင့် ပိုမိုအသုံးပြုပေးချေနိုင်ခြင်း၊ နိုင်ငံ၏ ငွေပေးချေမှုစနစ်အား ထိရောက်စွာ ကြီးကြပ်ထိန်းကျောင်းနိုင်ခြင်း၊ အားလုံးပါဝင်ဆောင်ရွက်နိုင်မည့် ငွေရေးကြေးရေးစနစ် (Financial Inclusion) အားကောင်းလာနိုင်ခြင်းအပြင် စီးပွားရေးလုပ်ငန်း အနေဖြင့်လည်း ငွေပေးချေမှုအတွက် နှောင့်နှေးကြန့်ကြာမှုများ လျှော့ချပေးနိုင်မည်ဖြစ်၍ မိမိတို့၏ Business ကို ပိုမိုအားကောင်းစွာ အစီအစဉ် ချမှတ်ဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စွမ်းအင်ဝန်ကြီးဌာနရှိ ဝန်ထမ်း သားသမီးများအနက် ၂၀၂၃ -၂၀၂၄ ပညာသင်နှစ်တွင် မူကြိုနှင့် KG+9 တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

နေပြည်တော် မေ ၁၅

**၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စွမ်းအင်ဝန်ကြီးဌာနရှိ ဝန်ထမ်း သားသမီးများမှ မူကြိုနှင့် KG+9 အထိ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရုံးအမှတ် (၆) ရှိ ရတနာခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး တက်ရောက်အမှာစကား ပြောကြားသည်။ (ယာပုံ)**





**ပညာအမွေပေးကြရန်လို**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျောင်းနေအရွယ်ကလေးများအားလုံး အနည်းဆုံး KG+9 အထိ အခြေခံပညာသင်ယူခွင့်ရရှိရေးအတွက် မိဘများကိုယ်တိုင်ကြိုးစား၍ ပညာအမွေပေးကြရန်လိုကြောင်း၊ ပညာသင်ယူတတ်မြောက်မှသာ အသိပညာ၊ ဗဟုသုတပြည့်စုံ၍ အဆိုးအကောင်းကို ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ပညာရှိမည်ဖြစ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသောကြောင့် သားငယ် သမီးငယ်များက ပညာရေးကို အစွမ်းကုန်ကြိုးစား ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တစ်တပ်တစ်အားပါဝင်ကြရန် ဖြစ်ပါကြောင်း၊ သားငယ်/သမီးငယ်များ၏ ကြိုးစားမှုရလဒ်များသည် မိဘများ၏ ဂုဏ်သိက္ခာများပင် ဖြစ်ပါကြောင်း၊ ကျောင်းပညာရပ်များကို ထူးချွန်အောင်ကြိုးစားသင်ယူသည့်အပြင် နိုင်ငံတော်တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကိုလည်း လေ့လာသိရှိကြရန်လိုအပ်ပါကြောင်း၊ ဘဝ၏အောင်မြင်မှုပန်းတိုင်များကို မိမိ၏ကိုယ်ပိုင်ဉာဏ်နှင့် ဆင်ခြင်သုံးသပ်ကာ မှန်ကန်စွာ ဆုံးဖြတ်နိုင်မည်ဖြစ်ပါကြောင်းနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး နိုင်ငံတော်ကိုအလုပ်အကျွေးပြုမည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်ကြပါစေလိုကြောင်း မှာကြားသည်။

**ထောက်ပံ့ကြေးများပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သားငယ် သမီးငယ်များကို ပညာသင်ထောက်ပံ့ကြေးများပေးအပ်သည်။

စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် မူကြိုနှင့် KG+9 အထိပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၁၃၀ အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၄၄၀၃၀၀၀၀ (ငွေကျပ်လေးဆယ့်လေးသန်းသုံးသောင်း တိတိ) ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ်(၁၃) နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၁၄) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၅**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်းအမှတ်စဉ်(၁၃)နှင့် အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ် (၁၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အဆိုပါ သင်တန်းကျောင်း နီလာခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစစ်အေး၊ တာဝန်ခံအဖွဲ့ဝင် ဦးဆန်းမြင့်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယ ပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/ စီမံ ဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**အရည်အသွေးမြင့်မားစေရန်**

ဦးစွာပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီး၏ စီမံခန့်ခွဲအုပ်ချုပ်မှုပိုင်း၌ တာဝန်ထမ်းဆောင်လျက်ရှိသော အဆင့်မြင့်အရာရှိကြီးများ၏ အရည်အသွေးများ မြင့်မားထက်မြက်လာစေရန်၊ ဦးဆောင်နိုင်မှုစွမ်းရည် တိုးတက်လာစေရန်နှင့် အနာဂတ်ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးကောင်းများ ပေါ်ထွက်လာစေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ပါကြောင်း။





အဆင့်မြင့် အရာရှိကြီးများကို အဆင့်မြင့်သည့် တာဝန်များပေးအပ်နိုင်ရန်အတွက် လိုအပ်သော ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှုနှင့် ဘက်ပေါင်းစုံမှ တွေးခေါ်မြော်မြင်မှု၊ ဆန်းသစ်တီထွင်ဖန်တီးနိုင်မှု၊ ညှိနှိုင်းပေါင်းစပ်တတ်မှု၊ ပြည်တွင်း၊ ပြည်ပ ပညာရပ်အတွေ့အကြုံ၊ သင်ခန်းစာနှင့် နမူနာများကို လေ့လာသုံးသပ်တတ်သော အလေ့အထများရရှိရန် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးက ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့် တာဝန်ရှိသူများ၊ ပြင်ပကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်က ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ပညာဌာနရှစ်ခုမှ ဆရာကြီး ဆရာမကြီးများက ဆွေးနွေးပို့ချသွားမည်ဖြစ်ပါကြောင်း။

ကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်ရန်အတွက် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် မရှိမဖြစ်လိုအပ်သဖြင့် အဖွဲ့အစည်းအသီးသီးရှိ အဆင့်မြင့် အရာရှိကြီးများက သတင်းအချက်အလက်များ မျှဝေပေးရန်၊ အဂတိတရား ကင်းရှင်းပြီး တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်းဆုံး ဝန်ဆောင်မှုပေးရန်၊ ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှု၍အကောင်အထည်ဖော်ကြရန် တိုက်တွန်းမှာကြားသည်။

**ရှစ်ပတ်ကြာမြင့်မည်**

အဆိုပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ် (၁၃)သို့ ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား ၁၄ ဦး၊ သင်တန်းသူ ခြောက်ဦး စုစုပေါင်း ၂၀နှင့် အဆင့်မြင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၄)သို့ ဝန်ကြီးဌာန အသီးသီးမှ သင်တန်းသား ၂၂ ဦး၊ သင်တန်းသူ ၁၈ ဦး စုစုပေါင်း ၄၀တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၁၅ ရက်မှ ဇူလိုင် ၇ ရက်အထိ ရက်သတ္တ ရှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



◆ *ကျောဖုံးမှ*

ထို့ကြောင့် ရခိုင်ပြည်နယ်သို့ အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး ပစ္စည်းများ ပို့ဆောင်နိုင်ရေး စစ်တွေလေယာဉ်ကွင်းအား နေ့/ ည အချိန်မရွေး အသုံးပြုနိုင်ရန်အတွက် ပြေးလမ်းမီး အပါအဝင် လိုအပ်သည်များ တပ်ဆင်နိုင်ရေး၊ ဆက်သွယ်မှုများ အမြန်ဆုံး ပြန်လည်ကောင်းမွန်စေရေးနှင့် သယ်ယူပို့ဆောင်မှုများ ချောမွေ့စွာဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး၊ မြန်မာ့မီးရထားနှင့် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းတို့မှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူ အရာထမ်း/ အမှုထမ်း စုစုပေါင်း ၃၆ ဦးကို ယနေ့ နံနက်ပိုင်းက မြန်မာအမျိုးသားလေကြောင်းဖြင့် စစ်တွေမြို့သို့ စေလွှတ်ခဲ့ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

**မနက်ဖြန်အတွက် ခန့်မှန်းချက်**

နေပြည်တော် မေ ၁၅

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**



# ရခိုင်ပြည်နယ် သဘာဝဘေးသင့် ပြည်သူများအား ကူညီဆောင်ရွက်ရေးအတွက် အလှူငွေလှူဒါန်း

နေပြည်တော် မေ ၁၅

ရခိုင်ပြည်နယ်သဘာဝဘေးသင့် ပြည်သူများအား ကူညီရေးအတွက် အလှူငွေလှူဒါန်းခြင်းကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ သီတဂူဗုဒ္ဓတက္ကသိုလ် (ရန်ကုန်) ၌ ပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင် ဆရာတော်၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင် ဆရာတော်၊ သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ ဆရာတော်ကြီးက ရခိုင်ပြည်နယ်မှ သဘာဝဘေးသင့် ပြည်သူများအား ကူညီဆောင်ရွက်ရေးအတွက် အလှူငွေကျပ် သိန်း ၁၀၀၀ ကို လှူဒါန်းရာ ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်ခံရယူသည်။ (ဝဲပုံ) ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကျေးဇူးတင်စကားများ ပြန်လည်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဘေးသင့်ဒေသများရှိ ပြည်သူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်

စစ်တွေ မေ ၁၅

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်း တိုက်ခတ်ခြင်းများ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်ခဲ့ကာ အဆောက်အအုံများ ပြိုကျခြင်း (ယာပုံ)၊ အမိုးများလန်ခြင်း၊ သစ်ပင်များ လဲကျခြင်း၊ လျှပ်စစ်မီးတိုင်နှင့် Transfomar များ ပြိုကျပျက်စီးခြင်း၊ မြေနိမ့်ပိုင်း ဒေသများတွင် ရေကြီးရေလျှံခြင်း၊ တောင်ကျချောင်း ရေလျှံခြင်း စသည့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

မုန်တိုင်းကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရသော စစ်တွေမြို့အပါအဝင် ဒေသအသီးသီးသို့ ပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်





စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်ကြောင့် အမိုးလန်ပျက်စီးနေသည့် နေအိမ်များ။

ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှု လုပ်ငန်း ကော်မတီများက သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းများကို နိုင်ငံတော် အဆင့် သဘာဝဘေးစီမံခန့်ခွဲမှု ဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် ဘေးသင့်ဒေသများရှိ ပြည်သူများ အား ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဆိုင်ကလုန်းမုန်တိုင်း"မိုခါ" ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် စစ်တွေမြို့သို့ ပို့ဆောင်



နေပြည်တော် မေ ၁၅

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်း မုန်တိုင်း "မိုခါ" (MOCHA) တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ် အတွင်း ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီး ကျောင်းများ၊ လူနေအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အဦများ ပြိုကျပျက်စီး ခြင်း၊ သစ်ပင်သစ်ကိုင်းများ လဲကျ၍ လမ်းများ ပိတ်ဆို့ခြင်း၊ ကားလမ်းများ ရေကျော်ခြင်း၊ လမ်းမီးတိုင်များ ပျက်စီးခြင်း၊ တာဝါတိုင်များ ပျက်စီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် ဒေသခံပြည်သူများ အနေဖြင့် ဘေးလွတ်ရာ မုန်တိုင်းဒဏ်ခံ ကာကွယ်ရေး အဆောက်အဦ (Cyclone Shelter) များ၊ ယာယီ ခိုလှုံရာစခန်းများတွင် နေထိုင်လျက်ရှိသည်။

အဆိုပါ ဒေသခံပြည်သူများ အတွက် တပ်မတော်(ကြည်း၊ရေ၊ လေ)မိသားစုများက လှူဒါန်း သည့် ဆန်အိတ် ၅၀၀ ၊ ဘီစကစ် အထုပ်ကြီး ၄၂၅ အိတ်နှင့် ကူညီ ကယ်ဆယ်ရေး အဖွဲ့များကို နေပြည်တော်လေဆိပ်မှ စစ်တွေ မြို့သို့ တပ်မတော်လေယာဉ်ဖြင့် ပထမအကြိမ်အဖြစ် လည်း ကောင်း၊ ဆန်အိတ် ၃၅၀၊ ဘီစကစ် အထုပ်ကြီး ၃၂၅ အိတ်၊ ဆက်သွယ် ရေးပစ္စည်းများ၊ တပ်မတော်ဆေး အဖွဲ့များနှင့် ဆေးပစ္စည်းများကို ဒုတိယအကြိမ်အဖြစ် လည်း ကောင်း၊ ရဟတ်ယာဉ်ဖြင့်ဘီစကစ် အထုပ်ကြီးအိတ် ၁၄၀နှင့် ဆန် အိတ်၇၀ကိုလည်းကောင်း ယနေ့ နံနက်ပိုင်းတွင် ကူညီပို့ဆောင်ပေး ခဲ့ရာ စစ်တွေလေဆိပ်၌ တာဝန်ရှိ သူများက လက်ခံရယူခဲ့ကြ ကြောင်းနှင့်သက်ဆိုင်ရာသို့ ဆက် လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## နေရာစိပ်စိပ်မှ နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၁၅

မနက်ဖြန်အထိခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့ အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် တို့တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မိုး/ဇလ

## လျှပ်စစ်သုံးမော်တော်ယာဉ်များ မြန်မာ့စက်မှုဆိပ်ကမ်း(MIP)သို့ရောက်ရှိ

နေပြည်တော် မေ ၁၅

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Brilliance Auto Co.,Ltd မှ တင်သွင်းလာသော HAIMA 7X-E အမျိုး အစားလျှပ်စစ်သုံးမော်တော်ယာဉ် နှစ်စီးသည် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စက်မှုဆိပ်ကမ်း (MIP) သို့ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပါကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ် ခွင့်ပြုထားကြောင်း သိရသည်။ သတင်းစဉ်



## မုန်တိုင်းအသိပညာပေး

### မုန်တိုင်းဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန် အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။
၂။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။
၃။ အိမ်၏ခိုင်ခံ့မှုအနေအထားနှင့် အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်ခြံအတွင်း ရှိ/မရှိ စစ်ဆေးပါ။
၄။ သန့်ရှင်းသောသောက်သုံးရေ (သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသောရေကိုသာ အမြဲသောက်သုံးပါ။
၅။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

### မုန်တိုင်းဖြစ်ပြီးချိန်တွင် ရှောင်ရှားသင့်သည့် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။
၂။ မလိုအပ်ဘဲ အပြင်မထွက်ပါနှင့်။
၃။ မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။
၄။ ပြိုကျပျက်စီးနေသော အဆောက်အအုံများ၊ သစ်ပင်များ၊ တောင်စောင်းများသို့ မသွားပါနှင့်။

## မြေပြိုခြင်းအသိပညာပေး

### မြေပြိုမှုဖြစ်ပေါ်နေချိန်တွင် ပြုလုပ်ရန် အချက်များ

၁။ မြေပြိုကျမှုဖြစ်နေသောနေရာများအနီးသို့ မလိုအပ်ဘဲ မသွားပါနှင့်။
၂။ မြေပြိုကျမှုဖြစ်နေသောနေရာများတွင် ရောက်နေပါက တတ်နိုင်သမျှ အမြန်ဆုံးဘေးလွတ်ကင်းရာသို့ ပြေးပါ။ အမြန်ဆုံးမရှောင်ခွာနိုင်ပါက နီးစပ်ရာ ခိုင်ခံ့သောနေရာ/ အဆောက်အအုံများတွင် ခိုလှုံပါ။ မြေပြိုမှုဖြစ်နေသာနေရာအနီးသို့လာသည့် လူနှင့် ယာဉ်များအား အသိပေးပါ။

### မြေပြိုမှုဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန်အချက်များ

၁။ မြေပြိုထားသော ပတ်ဝန်းကျင်၊ အဆောက်အအုံများ၊ လျှပ်စစ်မီးကြိုးနှင့် ဝေးဝေးနေပါ။ မြေပြိုခြင်း ဒဏ်ခံရသော နေအိမ်အဆောက်အအုံများအား သက်ဆိုင်ရာတာဝန်ရှိသူများ၏ ခွင့်ပြုချက်ရမှသာလျှင် ဝင်ရောက်နေထိုင်ပါ။
၂။ မြေပြိုမှုကြောင့် ဒဏ်ရာရသူ၊ ပိတ်မိနေသူများရှိပါက ကယ်ဆယ်ရေးအဖွဲ့သို့ ချက်ချင်းအကြောင်းကြားပြီး လိုအပ်သော အကူအညီများပေးပါ။
၃။ မိသားစုဝင်များ ပျောက်ဆုံးကွဲကွာပါက သက်ဆိုင်ရာသို့ ချက်ချင်းအကြောင်းကြားပါ။
၄။ မြေပြိုခြင်းကြောင့် နောက်ဆက်တွဲဖြစ်လာနိုင်သော ရေလွှမ်းမိုးမှု၊ ရွှံ့နုန်းမြေများ၊ မြေသားအစိုင်အခဲများ ပြိုကျစီးဆင်းလာနိုင်မှုတို့အား အထူးသတိပြုနေထိုင်ပါ။
၅။ မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။
၆။ မြေပြိုထားသောနေရာများ၌ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များ၊ တာဝန်ရှိသူများ၏ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ။
၇။ ဘေးအန္တရာယ်ကျရောက်ပြီးနောက် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ နို့တိုက်မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများအား အထူးဂရုပြုစောင့်ရှောက်မှုပေးပါ။

## မန္တလေးရတနာမောလ် နိုင်ငံတကာအဆင့်မီ ကျောက်မျက်ရတနာဈေး ဖွင့်လှစ်ချိန်ပြောင်းလဲ၊ Live လွှင့်၍ ရောင်းဝယ်နိုင်ရေးဆောင်ရွက်

မန္တလေး မေ ၁၅

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ၊ ဒုတိယထပ်ရှိ မန္တလေးရတနာမော်လ် နိုင်ငံတကာအဆင့်မီ ကျောက်မျက်ရတနာဈေးကို ၂၀၂၃ ခုနှစ် မတ်လနောက်ဆုံးပတ်က စတင်ဖွင့်လှစ်ခဲ့ရာ ပြည်တွင်း၊ ပြည်ပမှ ကျောက်မျက်ရတနာကုန်သည်များ၊ ကျောက်မျက်ရတနာမြတ်နိုးသူများ လာရောက်လေ့လာဝယ်ယူလျက်ရှိသည်။

မန္တလေးရတနာမောလ် နိုင်ငံတကာအဆင့်မီ ကျောက်မျက်ရတနာဈေးကြီးကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ လာရောက်ဝယ်ယူမှုအဆင်ပြေစေရန် ကျောက်ဝိုင်းဖွင့်လှစ်ချိန်ကိုလည်း မွန်းလွဲ ၂ နာရီမှ ညစနာရီအထိ ပြောင်းလဲဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ကျောက်မျက်ရတနာများကို ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ ဝယ်ယူမှုအဆင်ပြေစေရန် မေ ၁၅ ရက်မှစ၍ Live လွှင့်ပြီး လုံခြုံစိတ်ချစွာ ရောင်းဝယ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)




## နိုင်ငံတကာသတင်းများ

### သီရိလင်္ကာနိုင်ငံ၌ မြစ်ရေမျက်နှာပြင်မြင့်တက်လာမှုကြောင့် ဒေသအချို့၌ ရေကြီးမှုဖြစ်ပေါ်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်

ကိုလံဘို မေ ၁၅

မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် အဓိက မြစ်တစ်စင်း၏ ရေမြက်နှာပြင် မြင့်တက်လာသောကြောင့် သီရိလင်္ကာနိုင်ငံတောင်ပိုင်းရှိ အချို့နေရာများတွင် ရေကြီးမှုဖြစ်လာနိုင်ကြောင်း မေ ၁၄ ရက်တွင် ဆည်မြောင်းဦးစီးဌာနက သတိပေးထားသည်။

ဂင်္ဂါမြစ်အတွင်း လက်ရှိမိုးရွာသွန်းမှုအခြေအနေနှင့် မြစ်ရေမျက်နှာပြင် အနေအထားအရ ဂင်္ဂါမြစ်ဝှမ်း၏ အနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ဖွယ်ရှိကြောင်း ဆည်မြောင်းဦးစီးဌာနက ပြောသည်။ ထို့ကြောင့် အဆိုပါဒေသများရှိ ဒေသခံများနှင့် ယာဉ်မောင်းများအနေဖြင့် ရေကြီးမှုအခြေအနေကို အထူးသတိပြုရန် အကြံပြု ထားသည်။

ဘင်္ဂလားပင်လယ်အော်တွင် အလွန်ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်း မိုခါ၏ အရှိန်ကြောင့် နိုင်ငံတောင်ပိုင်းဒေသအနှံ့အပြား၌ မိုးဆက်လက်ရွာသွန်းနိုင်ကြောင်း သီရိလင်္ကာ မိုးလေဝသဌာနက မေ ၁၄ ရက်တွင် ပြောသည်။ နိုင်ငံတောင်ပိုင်းပြည်နယ်နှင့် ရတ်နာပူရာခရိုင် အချို့နေရာများ၌ မိုးရွာသွန်းမှုမှာ ၁၀၀ မီလီမီတာအထက် ရှိနိုင်ပြီး လေပြင်းတိုက်ခတ်မှုနှင့် မိုးကြိုးပစ်မှုများမှ ထိခိုက်မှုနည်းပါးစေရန်အတွက် ဒေသခံပြည်သူများအား ကြိုတင်ပြင်ဆင်နိုင်ရန် တိုက်တွန်းထားသည်။ ဆင်ဟွာ

## မိုခါမုန်တိုင်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လူ ၂၀ မှ ၃၀ ခန့်ဒဏ်ရာရရှိခဲ့ပြီး အိုးအိမ်ပေါင်း ၁၃၀၀၀ ကျော်ပျက်စီး

ဒါကာ မေ ၁၅

၁၀ စုနှစ် တစ်ခုအတွင်း အင်အားအပြင်းဆုံးဖြစ်သည့် မိုခါမုန်တိုင်း သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ဘက်ကမ်းရိုးတန်းဒေသများ အထူးသဖြင့် စစ်တကောင်းဒေသရှိ ကော့ဘဇားသို့ မေ ၁၄ ရက်က ဖြတ်ကျော် ဝင်ရောက်ခဲ့သောကြောင့် လူ ၂၀-၃၀ ဝန်းကျင်ခန့် ဒဏ်ရာရရှိခဲ့ပြီး အိုးအိမ်ပေါင်း ၁၃၀၀၀ ကျော် ပျက်စီးခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက မေ ၁၅ ရက်က ပြောကြားလိုက်သည်။

ထို့အပြင် သက်ဆိုင်ရာ အာဏာပိုင်များက လူထောင်ပေါင်းများစွာကို မုန်တိုင်းမဝင်ရောက်မီ ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။ မုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သော ပျက်စီးမှုများကို တွက်ချက်စစ်ဆေးလျက်ရှိသည်။



အင်အားပြင်း မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးသွားသော နေအိမ်တစ်လုံးကို တွေ့ရစဉ်။

မုန်တိုင်းဝင်ရောက်ခဲ့သည့် ဒေသများရှိ သယ်ယူပို့ဆောင်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ပျက်စီးခဲ့သောကြောင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအရေးပေါ်အကူအညီ ပေးရေးအဖွဲ့များက အပူတပြင်း ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မုန်တိုင်းကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေစဉ်အတွင်း နောက်ဆက်တွဲရောဂါ ဖြစ်ပွားမှုများကိုလည်း သတိထားရန် အာဏာပိုင်များက သတိပေးထားသည်။ ခရိုက်ဆစ် ၂၄

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဗိုဗီနမ်(အားနစ်)အားကစားနည်းမှ ရွှေ တစ်ခု၊ ငွေ တစ်ခု၊ကြေး နှစ်ခု၊ တိုက်ကွမ်ဒိုအားကစားနည်းမှ ရွှေ တစ်ခု၊ ကြေး နှစ်ခု၊ ဘိလိယက်နှင့်စနူကာ အားကစားနည်းမှ ရွှေ တစ်ခု၊ ဂျူဒိုအားကစားနည်းမှ ငွေ တစ်ခု၊ကြေး နှစ်ခု၊ E-Sports အားကစားနည်းမှ ကြေး တစ်ခုနှင့် ရိုးရာလှေလှော်အားကစားနည်းမှ ငွေ တစ်ခု၊ ကြေး နှစ်ခု ထပ်မံဆွတ်ခူးရရှိ

**နေပြည်တော် မေ ၁၅**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိ အားကစားကွင်း/ အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်း ဒေသစံတော်ချိန် ၃ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Chroy Changvar Convention Center, Hall (A) ၌ ဗိုဗီနမ် (အားနစ်) (အမျိုးသား/ အမျိုးသမီး) အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အမျိုးသား (၅၅-၆၀ကီလို) ဖော့တုတ်အတိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်စည်သူမောင်က ပထမ(ရွှေတံဆိပ်ဆု)၊ အမျိုးသမီး (၅၅ ကီလို)အောက် ဖော့တုတ်အတိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မမိုးမိုးအေးက ဒုတိယ (ငွေတံဆိပ်ဆု)၊ အမျိုးသမီး(၅၀-၅၅ ကီလို) ဖော့တုတ်အတိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မသန္တာခိုင်နှင့် အမျိုးသား (၆၀-၆၅ ကီလို) ဖော့တုတ်အတိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်ဝိုင်းသက်အောင်တို့က တတိယ (ကြေးတံဆိပ်ဆု)တစ်ခုစီကို ရရှိခဲ့ကြသည်။

ထို့နောက် Chroy Changvar Convention Center, Hall (F) ၌ တိုက်ကွမ်ဒိုအားကစားနည်းမှ အမျိုးသား (၈၇ ကီလို)အထက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်ကျော်မင်းနိုင်က ပထမ(ရွှေတံဆိပ်ဆု)၊ အမျိုးသား (၇၄ ကီလို)အောက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်မြင့်ကိုကိုနှင့် အမျိုးသမီး (၇၃ကီလို)အထက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မမိုးပွင့်ဖြူတို့က တတိယ (ကြေးတံဆိပ်ဆု) တစ်ခုစီ ၊ Aeon Hall, Aeon Mall Sen Sok ၌ ဘိလိယက်နှင့် စနူကာ အားကစားနည်းမှ Men’s 9 Ball Pool Doubles ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မောင်မောင်(ခ) မောင်ဘုန်းမြင့်ကျော်နှင့် မောင်သော်ဇင်ထက်တို့အတွဲက ကိုးပွဲ - သုံးပွဲဖြင့် ပထမ (ရွှေတံဆိပ်ဆု) ကို ထိုက်ထိုက်တန်တန် ထပ်မံဆွတ်ခူးရရှိခဲ့ကြသည်။



အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်အဖွဲ့ ဘိလိယက်နှင့်စနူကာ အားကစားနည်း Men’s 9 Ball Pool Doubles ပွဲစဉ်တွင် ရွှေတံဆိပ်ဆုရ မောင်မောင်(ခ)မောင်ဘုန်းမြင့်ကျော်နှင့် မောင်သော်ဇင်ထက်တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

အလားတူ ယမန်နေ့ ပြိုင်ပွဲများအဖြစ် Chroy Changvar Convention Center, Hall (C) ၌ ကျင်းပလျက်ရှိသည့် ဂျူဒိုအားကစားနည်းမှ အမျိုးသမီး (၅၇ကီလို) ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မချြူးမြတ်နိုးဝေက ဒုတိယ (ငွေတံဆိပ် ဆု)၊ အမျိုးသမီး (၇၀ကီလို)အောက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မဖြိုးဆွေဇင်ကျော်နှင့် အမျိုးသား (၅၅ ကီလို)အောက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်ထိုက်ထိုက်ကျော်တို့က တတိယ (ကြေးတံဆိပ်ဆု) တစ်ခုစီ၊ E-Sports အားကစားနည်းမှ Mobile Legends Game ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်မင်းကိုကို၊ မောင်ပြည့်ဟိန်းကို၊ မောင်ပြည့်စုံခန့်၊ မောင်စွမ်းထက်အောင်၊ မောင်ကျော်ဇင်ဘိုနှင့် မောင်ရဲနောင်ဦးတို့ အတွဲက တတိယ (ကြေးတံဆိပ်ဆု)ကို ရရှိခဲ့ကြသည်။

ဆက်လက်ပြီး Perk Kampot, Kampot City, Kampot Province ၌ ရိုးရာလှေလှော်အားကစားနည်းမှ အသက် ၂၄ နှစ်အောက် (အမျိုးသား/အမျိုးသမီး) မီတာ(၅၀၀) ၁၂ ယောက်လှော် ပြိုင်ပွဲတွင် (ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်း၊ မလေးရှားနှင့် ဖိလစ်ပိုင်) နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မောင်မြတ်မင်းထွန်း၊ မောင်ဇော်ဇော်ထွန်း၊ မောင်ပြည့်ဖြိုးသန့်၊ မောင်မျိုးလှိုင်ဝင်း၊ မောင်စောကောင်းကောင်းစံ၊ မောင်းမျိုးဆွေ၊ မစုစုလွင်၊ မစိုးစိုးကျော်၊ မသီတာဦး၊ မဖြိုးဝေလွင်၊ မဖြူဖြူအောင်၊ မစိုးစန္ဒာ၊ မောင်အောင်ဖြိုးဟိန်းနှင့် မောင်သက်ပိုင်ဖြိုးတို့အတွဲက ဒုတိယ (ငွေတံဆိပ်ဆု)၊ အလွတ်တန်း အမျိုးသား မီတာ(၅၀၀) ၁၂ယောက်လှော် ပြိုင်ပွဲတွင် (အင်ဒိုနီးရှား၊ ထိုင်း၊ မြန်မာ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ မလေးရှားနှင့် ဖိလစ်ပိုင်) နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မောင်အောင်ဖြိုးဟိန်း၊ မောင်ဟိန်းစိုး၊ မောင်ထူးထူးအောင်၊ မောင်ခန့်ဇော်အောင်၊ မောင်မင်းသူဟိန်း၊ မောင်မြင့်ကိုကို၊ မောင်နိုင်လင်းဦး၊ မောင်စောမိုးအောင်၊ မောင်ရှိုင်းဝေလင်း၊ မောင်သန်းဌေးအောင်၊ မောင်သန့်ဇင်ဦး၊ မောင်သက်နိုင်ဖြိုး၊ မောင်ယုယမောင်၊ မောင်ဇင်ကိုထက်တို့ အတွဲက တတိယ (ကြေးတံဆိပ်ဆု)၊ အသက် ၂၄ နှစ် အောက် အမျိုးသားမီတာ (၅၀၀) ၁၂ ယောက် လှော်ပြိုင်ပွဲတွင် (ထိုင်း၊ အင်ဒိုနီးရှား၊ မြန်မာ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ မလေးရှားနှင့် ဖိလစ်ပိုင်)နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မောင်အောင်ဖြိုးဟိန်း၊ မောင်ခန့်ဇော်အောင်၊ မောင်မြတ်မင်းထွန်း၊ မောင်မျိုးလှိုင်ဝင်း၊ မောင်မျိုးဆွေ၊ မောင်ပြည့်ဖြိုးသန့်၊ မောင်ပြည့်စုံအောင်၊ မောင်စောကောင်းကောင်းစံ၊ မောင်စောနိုင်လင်းကျော်၊ မောင်တင်ကိုကို၊ မောင်ဇော်ဇော်ထွန်း၊ မောင်သက်ပိုင်ဖြိုး၊ မောင်မင်းသူဟိန်းနှင့် မောင်သက်နိုင်ဖြိုးတို့ အတွဲက တတိယ(ကြေးတံဆိပ်ဆု) ရရှိခဲ့ကြသည်။

မေ ၁၄ ရက် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရိုးရာလှေလှော်၊ E-Sports၊ ပိုက်ကျော်ခြင်း၊ ခရစ်ကက်၊ ဘော်လီဘော၊ ဂျူဒို၊ ဘိလိယက်နှင့် စနူကာ၊ အလေးမ၊ တိုက်ကွမ်ဒိုနှင့် ဗိုဗီနမ် (အားနစ်) အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် သုံးနှင့် ကြေးတံဆိပ် ကိုးခု ထပ်မံရရှိခဲ့ကြသည်။

မေ ၁၅ ရက် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပိုက်ကျော်ခြင်း၊ E-Sports ၊ အလေးမ၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ ဗိုဗီနမ်(အားနစ်)နှင့် ဘောလုံး(အမျိုးသမီး) အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံမှ ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မေ ၁၅ ရက်အထိ ရွှေတံဆိပ်အခု ၂၀၊ ငွေတံဆိပ် ၂၁ ခုနှင့် ကြေးတံဆိပ် ၆၄ ခု စုစုပေါင်း ဆုတံဆိပ် ၁၀၅ ခု ဆွတ်ခူးရရှိထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၁၅ - ၅ - ၂၀၂၃

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဗီယက်နမ် | ၁၂၃ | ၁၀၀ | ၉၈ | ၃၂၁ |
| ၂ | ထိုင်း | ၉၄ | ၇၆ | ၉၃ | ၂၆၃ |
| ၃ | အင်ဒိုနီးရှား | ၇၄ | ၆၇ | ၈၂ | ၂၃၃ |
| ၄ | ကမ္ဘောဒီးယား | ၇၁ | ၆၈ | ၁၁၃ | ၂၅၂ |
| ၅ | ဖိလစ်ပိုင် | ၅၁ | ၇၇ | ၁၀၃ | ၂၃၁ |
| ၆ | စင်ကာပူ | ၄၅ | ၃၈ | ၅၇ | ၁၄၀ |
| ၇ | မလေးရှား | ၃၀ | ၄၂ | ၈၅ | ၁၅၇ |
| ၈ | မြန်မာ | ၂၀ | ၂၁ | ၆၄ | ၁၀၅ |
| ၉ | လာအို | ၆ | ၂၀ | ၅၇ | ၈၃ |
| ၁၀ | ဘရူနိုင်း | ၂ | ၁ | ၆ | ၉ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၈ | ၈ |

ကျော်လင်း - စုစည်းသည်

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားအဖွဲ့အား ဂုဏ်ပြုကြိုဆို

**ရန်ကုန် မေ ၁၅**

ကမ္ဘောဒီးယားနိုင်ငံတွင် မေ ၅ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအားကစားအဖွဲ့သည် မေ ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဂုဏ်ပြုကြိုဆိုကြသည်။

အဆိုပါ မြန်မာဝူရှူးအားကစားအဖွဲ့တွင် ရွှေတံဆိပ်ဆုရှင် စန္ဒီဦး၊ ငွေတံဆိပ် သုံးဆု၊ ကြေးတံဆိပ် သုံးဆု ရရှိသည့် အားကစားသမားများနှင့် အုပ်ချုပ်သူ / နည်းပြများ စုစုပေါင်း ၂၀ ပြန်လည်လိုက်ပါလာကြသည်။

ထို့ပြင် ပြေးခုန်ပစ်အားကစားနည်း မီတာ(၁၀၀၀၀) အမျိုးသားပြိုင်ပွဲ၌ ကြေးတံဆိပ်ဆု ရရှိခဲ့သည့် သန်းထိုက်စိုးနှင့် အတူ ပြေးခုန်ပစ်အားကစားသမား ကိုးဦး၊ ပီတန်းအားကစားသမား ခြောက်ဦး၊ တင်းနစ်အားကစားသမား ကိုးဦးတို့သည် ည ၇ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မုန်တိုင်းရှောင်ပြည်သူများအား နေရပ်ပြန်လည် ပို့ဆောင်မှု၊ အပျက်အစီးများ ရှင်းလင်းမှုနှင့် အစားအစာများ ထောက်ပံ့မှု ဓာတ်ပုံမြင်ကွင်း



ဧရာဝတီတိုင်းဒေသကြီး ပြင်စလူမြို့နှင့် ကိုင်းသောင်တို့မှ နေရပ်ပြန်မည့် မုန်တိုင်းရှောင်ပြည်သူများအား မေ ၁၅ ရက်က တပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မော်တော်ယာဉ်များပေါ်သို့ ပို့ဆောင်ပေးစဉ်။ သတင်းစဉ်



ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်နှင့် တာဝန်ရှိသူများက မုန်တိုင်းရှောင်ပြည်သူများအား မေ ၁၅ ရက်က နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးစဉ်။
မြို့နယ်(ပြန်/ဆက်)



ရခိုင်ပြည်နယ်ရှိ IDP Camp စခန်းနေသူများအား မေ ၁၅ ရက် တပ်မတော်သားများနှင့် တာဝန်ရှိသူများက ရွှေ့ပြောင်းပေးစဉ်။ သတင်းစဉ်



ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ ပျက်စီးသွားသည့် အ.ထ.က(ခွဲ) ဝဲချောင်းကျောင်း အဆောင်(၁)အား မေ ၁၅ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့် အရေးပေါ်တုံ့ပြန်ရေး အဖွဲ့ဝင်များက သွားရောက်ပြုပြင်ပေးစဉ်။
မိုးစက်(ဘိုကလေး)



ရခိုင်ပြည်နယ် မောင်တောမြို့၌ မေ ၁၅ ရက်က နေအိမ်များပေါ် လဲကျနေသည့် သစ်ပင်များအား တပ်မတော်သားများနှင့် တာဝန်ရှိသူများက ဖယ်ရှားရှင်းလင်းစဉ်။ သတင်းစဉ်



ရခိုင်ပြည်နယ် မာန်အောင်မြို့၌ မေ ၁၅ ရက်က လဲကျနေသည့် ဓာတ်တိုင်များအား တပ်မတော်သားများနှင့် တာဝန်ရှိသူများက ပြုပြင်မှုများ ဆောင်ရွက်စဉ်။ သတင်းစဉ်



ရခိုင်ပြည်နယ် သံတွဲမြို့၌ မေ ၁၅ ရက်က လဲကျနေသည့် ဓာတ်တိုင်များအစား ဓာတ်တိုင်အသစ်များလဲလှယ်မှုကို တပ်မတော်သားများနှင့် တာဝန်ရှိသူများက ဆောင်ရွက်စဉ်။ သတင်းစဉ်



ရခိုင်ပြည်နယ် ဂွမြို့နယ် မြို့ပေါ်ရပ်ကွက်များမှ မုန်တိုင်းရှောင်ပြည်သူများအား မေ ၁၅ ရက်က ဌာနဆိုင်ရာ တာဝန်ရှိသူများက ထမင်းထုပ် ဝေငှပေးစဉ်။ သတင်းစဉ်



မင်းလှမြို့၌ သဘာဝဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်သည့် မိသားစုဝင်များအား မေ ၁၄ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် အလှူရှင်များစုပေါင်း၍ ထမင်းဘူးနှင့် သောက်ရေသန့်များ လှူဒါန်းပေးစဉ်။ ဇာဇာ(အထက်မင်းလှ)

# “မိုခါ” မုန်တိုင်းအရှိန်ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ရွှေ့ပြောင်းနေထိုင်ရသော အိမ်ထောင်စုများနှင့် လေဘေးသင့် အိမ်ထောင်စုများအား မေ ၁၅ ရက်က ထောက်ပံ့မှု ဓာတ်ပုံမြင်ကွင်း



အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင် အိမ်မဲမြို့နယ်၌ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးသည့် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ မုန်တိုင်းကြောင့် လေဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်စဉ်။ ခရိုင်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ အေဇာလင်း



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ ခရိုင်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်စဉ်။ ခရိုင်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။ ခရိုင်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ မျိုးဇော်သိန်း(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရွှေ့ပြောင်းနေထိုင်ရသော အိမ်ထောင်စုများအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။ ကျော်စွာဟိန်း(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ မုန်တိုင်းရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ မောင်ဆွေကျော်



ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်စဉ်။ သန့်ဇော် (ပြန်/ဆက်)

မေ ၁၅ ရက်က ရခိုင်ပြည်နယ် ဂွမြို့နယ်၌ မုန်တိုင်းကြောင့် ထိခိုက်ဒဏ်ရာ ရသူများအား မြို့နယ် ကျန်းမာရေး ဦးစီးဌာနက အခမဲ့ ကျန်းမာရေးစောင့် ရှောက်ပေးစဉ်။ ရွှေရည်ဝင်းကျော်





ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။ မြို့နယ် (ပြန်/ဆက်)

## နိုင်ငံတစ်ဝန်း ၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက်နေ့ နံနက်(၀၉:၃၀) မှ မေလ ၁၅ ရက်နေ့ နံနက် (၀၉:၃၀)အတွင်း မိုးရေချိန် သုံးလက်မအထက် ရွာသွန်းခဲ့သည့်ဒေသများ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့ | မိုးရေချိန် |
|---|---|---|---|
| ၁။ | ချင်းပြည်နယ် | ဟားခါး | ၄.၂၉ လက်မ |
| ၂။ | စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း) | ခန္တီး<br>မော်လိုက်<br>ကလေးဝ<br>ကလေး<br>မင်းကင်း | ၃.၁၄ လက်မ<br>၄.၁၇ လက်မ<br>၄.၂၉ လက်မ<br>၃.၇၅ လက်မ<br>၆.၃၈ လက်မ |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း) | ကန့်ဘလူ<br>ရွှေဘို<br>မုံရွာ<br>ရေဦး | ၄.၅၃ လက်မ<br>၃.၂၇ လက်မ<br>၃.၁၄ လက်မ<br>၆.၁၄ လက်မ |
| ၄။ | မန္တလေးတိုင်းဒေသကြီး | မိုးကုတ်<br>ညောင်ဦး | ၄.၇၂ လက်မ<br>၅.၀၈ လက်မ |
| ၅။ | မကွေးတိုင်းဒေသကြီး | ချောက်<br>ဂန့်ဂေါ | ၅.၆၇ လက်မ<br>၅.၀၈ လက်မ |
| ၆။ | ရခိုင်ပြည်နယ် | စစ်တွေ<br>ဗွ | ၅.၇၀ လက်မ<br>၃.၆၂ လက်မ |
| ၇။ | ဧရာဝတီတိုင်းဒေသကြီး | ဟင်္သာတ | ၃.၃၁ လက်မ |
| ၈။ | ကရင်ပြည်နယ် | ဘားအံ<br>ဘားအံ<br>(စိုက်ပျိုးရေးမိုးလေဝသ) | ၃.၂၂ လက်မ<br>၃.၇၄ လက်မ |

## အုတ်တွင်းမြို့နယ်အတွင်း သဘာဝဘေးလေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ အမိုးအကာပျက်စီး၍ ဓာတ်တိုင်နှင့်အုတ်တံတိုင်းများပြိုလဲ

**အုတ်တွင်း မေ ၁၅**



ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်အတွင်း မေ ၁၄ ရက် ညနေပိုင်းက သဘာဝ ဘေးလေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များအမိုးအကာပျက်စီး၍ဓာတ်တိုင်နှင့်အုတ်တံတိုင်းများ ပြိုလဲခဲ့သည်။

သဘာဝဘေး လေပြင်း တိုက်ခတ်မှုကြောင့် အုတ်တွင်း မြို့နယ်အတွင်း နေအိမ် ၂၈ လုံး အမိုးအကာပျက်စီးခဲ့ပြီး ဓာတ်တိုင် တစ်တိုင်၊ အုတ်တံတိုင်း နှစ်ခန်း ပြိုလဲပျက်စီးခဲ့သည်။

အဆိုပါ လေပြင်းဒဏ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးသွားသည့် နေအိမ် မိသားစုဝင်များအား မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ မြို့နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များမှ ယာယီတည်းခိုရေး စခန်းများသို့ ပြောင်းရွှေ့နေထိုင်စေရေးနှင့် လိုအပ်သည်များ စီမံထောက်ပံ့နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီထံမှ သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

## ဆိုင်ကလုန်းမုန်တိုင်းသတိပေးချက်

**နေပြည်တော် မေ ၁၅**

ယနေ့မြန်မာစံတော်ချိန် နံနက် ၅ နာရီခွဲ တိုင်းထွာချက်အရ ချင်းပြည်နယ်၊ မတူပီမြို့အနီးမှ ကုန်းတွင်းသို့ ရွေ့လျားဝင်ရောက်ခဲ့သော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" အဖြစ်သို့ အားလျော့သွားခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကသာမြို့အနီးမှ မြောက်-အရှေ့ မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိပြီး နောက်ခြောက်နာရီအတွင်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားလျော့သွားနိုင်ပြီး မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး(မြောက်ပိုင်း)၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့သို့ ရောက်ရှိနိုင်သည်။

ထို့နောက် ကချင်ပြည်နယ်တွင် လေဖိအားနည်းရပ်ဝန်းအဖြစ် တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။ မုန်တိုင်းကုန်းတွင်းသို့ ရွေ့လျားစဉ် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ ခန့် ရှိနိုင်ကြောင်း ခန့်မှန်းရသည်။

**မိုး/ဇလ**

(၁၅-၅-၂၀၁၃)ရက်နေ့ မြန်မာစံတော်ချိန် (၀၉:၃၀)နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ် လမ်းကြောင်းပြမြေပုံ




❖ *ကျောဖုံးမှ*

မုန်တိုင်းငယ်သည် မြန်မာနိုင်ငံမှ ဖြတ်ကျော်ခဲ့ပြီးဖြစ်သည့်အတွက် အစိမ်းရောင်အဆင့်ဟု သတ်မှတ်ပါသည်။

**သတိပေးနှိုးဆော်ချက်**

မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့နံနက်မှ နောက် ၂၄ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်ခန့်အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

မုန်တိုင်းမြန်မာနိုင်ငံမှ ဖြတ်ကျော်သွားပြီးဖြစ်သော်လည်း မုန်တိုင်းမှ အကြွင်းအကျန်တိမ်တိုက်များကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ ခန့် တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကို လည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြု နေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်သူလူထုအနေဖြင့် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချက်များကို စောင့်ကြည့်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းတိုက်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၁၅**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းနေပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်**

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀ ခန့် တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ခန့် တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ပေ ၁၁ ခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၁၅**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ် မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလ အတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်း ပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံ လေကြောင်း လူငယ်သင်တန်း(အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း (အငယ်တန်းအဆင့်) ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်က သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့် သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့ ညနေပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံ ရေကြောင်းလူငယ်စခန်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေး ရေကြောင်း လူငယ်စခန်းနှင့် မွန်ပြည်နယ် မော်လမြိုင်ရေကြောင်းလူငယ်စခန်းတို့မှ သင်တန်း သား၊ သင်တန်းသူ စုစုပေါင်း ၁၆၅ ဦးတို့သည် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။






ရန်ကုန်မြို့သို့ ရောက်ရှိလာသည့် သင်တန်းသား သင်တန်းသူများသည် တပ်မတော် (ရေ)၏ နေ့စဉ် လုပ်ငန်းဆောင်တာများအား လက်တွေ့ကွင်းဆင်း လေ့လာခြင်း၊ လေ့လာရေးခရီးစဉ်များ သွားရောက်ခြင်း၊ တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ရန်ကုန်မြစ်အတွင်း ခရီးတိုလေ့လာရေးအတွက် လိုက်ပါစီးနင်းခြင်းနှင့် ပြိုင်ပွဲများ ပြုလုပ်ကျင်းပခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ တပ်မတော်(လေ)က မိတ္ထီလာမြို့ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်နှင့် မြေပြင်အတတ်သင် လေတပ်စခန်းဌာနချုပ်တို့၌ သင်တန်းစခန်း ၁၇ ခုတို့မှ သင်တန်းသားများကို စခန်းသွင်းလေ့ကျင့် သင်ကြားပေးလျက်ရှိပြီး အခြေခံလေကြောင်း လူငယ်သင်တန်း (အကြီးတန်း အဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈၀ တို့သည် ယနေ့တွင် မိတ္ထီလာမြို့ရှိ မြေပြင်အတတ်သင် လေတပ်စခန်းဌာနချုပ်၌ RC Simulator မောင်းနှင်ခြင်း ပြိုင်ပွဲများ ကျင်းပကြသည်။ မေ ၁၆ ရက်တွင် RC လေယာဉ်/ ရဟတ်ယာဉ်/ Drone မောင်းပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

## မြန်မာအမျိုးသား ဘောလုံးအသင်း ယှဉ်ပြိုင်မည့် တတိယလုပွဲနှင့်အတူ ဗိုလ်လုပွဲအား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၁၅**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှ အမျိုးသားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို မေ ၁၆ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံလိုင်းများမှတိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်။

မွန်းလွဲ ၃ နာရီခွဲတွင် မြန်မာအမျိုးသားအသင်းနှင့် ဗီယက်နမ်အမျိုးသားအသင်းတို့၏ တတိယနေရာလုပွဲ ယှဉ်ပြိုင်မှုအား MRTV HD Channel၊ MRTV Sports Channel၊ MRTV Farmers' Channel၊ MRTV Parliament Channel၊ မြန်မာ့အသံရေဒီယိုနှင့် Online တို့မှလည်းကောင်း၊ ည ၇ နာရီတွင် အင်ဒိုနီးရှားအမျိုးသားအသင်းနှင့် ထိုင်းအမျိုးသားအသင်းတို့၏ ဗိုလ်လုပွဲ ယှဉ်ပြိုင်မှုအား MRTV Sports Channel၊ MRTV Farmers' Channel၊ MRTV Parliament Channel၊ မြန်မာ့အသံရေဒီယိုနှင့် Online တို့မှ လည်းကောင်း တိုက်ရိုက် Live ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

**သတင်းစဉ်**

## ရတနာပုံတက္ကသိုလ်၌ Grade 12 သင်ရိုးသစ် ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

**မန္တလေး မေ ၁၅**

ပညာရေးဝန်ကြီးဌာန အခြေခံပညာ Grade 12 သင်ရိုးသစ်ဆင့်ပွားသင်တန်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၅ ရက် နံနက် ၉ နာရီခွဲက ရတနာပုံ တက္ကသိုလ်ရှိပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ဘာသာရပ်ဌာနအသီးသီးမှ ပါမောက္ခ (ဌာနမှူး)များ၊ Grade 12 သင်ရိုးသစ် ဗဟိုအဆင့် နည်းပြသင်တန်းတက်ရောက်ခဲ့သည်။

ရှေးဦးစွာ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက အမှာစကားနှင့် သင်တန်းပို့ချရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အဆိုပါ အခြေခံပညာ Grade 12 သင်ရိုးသစ် ဆင့်ပွားသင်တန်းသို့ တံတားဦးမြို့နယ်၊ ငါန်းဇွန်မြို့နယ်နှင့် အမရပူရမြို့နယ်တို့မှ သင်တန်းသား ဆရာ၊ ဆရာမ ၂၅၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၁၅ ရက်မှ ၂၄ ရက်အထိဖြစ်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ၊ ပထဝီ၊ သမိုင်း၊ ဘောဂ စသည့် ဘာသာရပ်များကို ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်-မန်း**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅- ၅ - ၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၇၂၇၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၇၇၄၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၁၄ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၁၈ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၁၈၆၀ ကျပ် | ၁၉၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၄၀ ကျပ် | ၁၉၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၁၀ ကျပ် | ၁၉၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၀၀ ကျပ် | ၂၀၅၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၈၂ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၆၉ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၂ . ၁၃၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၁ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၆ . ၉၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၂ . ၀၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၅၁၇ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၁၀၀ | ၇၆၄ | ၆၁၄၅၄၀၀ |
| MTSH | ၂၉၅၀ | ၂၈၀၀ | ၁၅၈ | ၄၅၇၄၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၃၆၉၇ | ၅၃၆၀၆၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၃ | ၇၆၅၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဝင်ရောက်တိုက်ခတ်မှုကြောင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ရပ်ကွက်/ကျေးရွာများ၌ လူနေအိမ် ၈၆၄ လုံး၊ သာသနိက အဆောက်အဦ ၁၁ လုံး၊ ဘုန်းတော်ကြီးကျောင်း ၁၆ ကျောင်း၊ စာသင်ကျောင်း ၆၄ ကျောင်း၊ ဆေးရုံ/ဆေးခန်း ၁၄ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ၇ ခု၊ လမ်းမီးတိုင် ၇၁ တိုင်၊ ဌာနဆိုင်ရာအဆောက်အဦ ၃၈ လုံး ပျက်စီးခဲ့

**နေပြည်တော် မေ ၁၅**

ဘင်္ဂလား ပင်လယ်အော်တွင် ဖြစ်ပေါ်နေသော အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်း မုန်တိုင်း "မိုခါ" (MOCHA)၏ အရှိန်ကြောင့် ဒီရေမြင့်တက်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

**အဆောက်အဦများပျက်စီး**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" မေ ၁၄ ရက်တွင် တိုက်ခိုက်မှုကြောင့် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ရပ်ကွက်/ ကျေးရွာ ၄၄ ခု၌ လူနေအိမ် ၁၂ လုံး၊ သာသနိက အဆောက်အဦ သုံးလုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်း သုံးကျောင်း၊ လေဆိပ်နားနေဆောင် တစ်လုံး၊ လမ်းမီးတိုင် ရှစ်တိုင်၊ ထရန်စဖော်မာ တစ်လုံးနှင့် အုတ်တံတိုင်းတစ်ခု၊ ချင်းပြည်နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာ ငါးခု၌ လူနေအိမ် နှစ်လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ ဌာနဆိုင်ရာ အဆောက်အဦ နှစ်လုံး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ ကျေးရွာ ခုနစ်ခု၌ လူနေအိမ် တစ်လုံး၊ဆက်သွယ်ရေးတာဝါတိုင် သုံးခု၊ လမ်းမီးတိုင် တစ်ခု၊ အုတ်တံတိုင်း သုံးခု၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ရပ်ကွက်/ ကျေးရွာ ၇၂ ခု၌ လူနေအိမ် ၁၁၃ လုံး၊ ဆက်သွယ်ရေးတာဝါတိုင် နှစ်ခု၊ လမ်းမီးတိုင် တစ်တိုင်၊ ဆိုင်းဘုတ် တစ်ခု၊ မကွေးတိုင်းဒေသကြီး အတွင်းရှိ ရပ်ကွက်/ကျေးရွာ ၁၄ ခု၌ လူနေအိမ်နှစ်လုံး၊ လမ်းမီးတိုင် ကိုးတိုင်၊ အုတ်တံတိုင်း သုံးခုနှင့် ဒေသခံပြည်သူများ၏ စိုက်ခင်း ၇၈ ခင်း၊ မန္တလေးတိုင်းဒေသကြီး အတွင်း၌ သာသနိကအဆောက်အဦ လေးလုံး၊ ရခိုင်ပြည်နယ် အတွင်းရှိ ရပ်ကွက်/ ကျေးရွာ ၁၈၅ ခု၌ လူနေအိမ် ၅၈၈ လုံး၊ သာသနိက အဆောက်အဦ သုံးလုံး၊ ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်း၊ စာသင်ကျောင်း ၂၅ ကျောင်း၊ ဆေးရုံ/ဆေးခန်း ကိုးခု၊ ဈေးတစ်ခု၊ ဆက်သွယ်ရေးတာဝါတိုင်တစ်ခု၊ လမ်းမီးတိုင် ခုနစ်တိုင်၊ ထရန်စဖော်မာတစ်လုံး၊ ဌာနဆိုင်ရာ အဆောက်အဦ ၂၆ လုံး၊ အခြားပျက်စီးမှု ၁၈၁ ခု၊ ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ ရပ်ကွက်/ ကျေးရွာ ၃၅ ခု၌ လူနေအိမ် ၁၅ လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်း လေးကျောင်း၊ ဆက်သွယ်ရေး တာဝါတိုင်တစ်ခု၊ လမ်းမီးတိုင် ၃၆ တိုင်၊ ထရန်စဖော်မာ တစ်လုံး၊ ဌာနဆိုင်ရာ အဆောက်အဦ ခြောက်လုံး၊ ဘောလုံးကွင်း တစ်ကွင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ ၁၁၄ ခု၌ လူနေအိမ် ၁၃၁ လုံး၊ သာသနိက အဆောက်အဦ တစ်လုံး၊ ဘုန်းတော်ကြီးကျောင်း ငါးကျောင်း၊ စာသင်ကျောင်း ၃၂ ကျောင်း၊ ဆေးရုံ/ဆေးခန်း ငါးခု၊ လမ်းမီးတိုင် ကိုးတိုင်၊ ဌာနဆိုင်ရာ အဆောက်အဦ သုံးလုံးတို့ ပျက်စီးဆုံးရှုံးခဲ့ကြကြောင်းနှင့် ဒေသခံပြည်သူ စစ်တွေမြို့ တစ်ဦး၊ တောင်ကုတ်မြို့ တစ်ဦး၊ ရေကြည်မြို့ တစ်ဦး စုစုပေါင်း သုံးဦး သေဆုံးခဲ့ပြီး ဒေသခံပြည်သူအချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကျောက်တော်မြို့၊ မြောက်ဦးမြို့၊ မင်းပြားမြို့၊ မြေပုံမြို့၊ ပုဏ္ဏားကျွန်းမြို့၊ ရသေ့တောင်မြို့၊ ပေါက်တောမြို့၊ ဘူးသီးတောင်မြို့နှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့တွင် အသေးစိတ်ထပ်မံစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။





လေပြင်းတိုက်မှုကြောင့် မန္တလေးမဟာမုနိဘုရား၌ ပျက်စီးမှုအချို့နှင့် ပြိုလဲသစ်ပင်များအား ရှင်းလင်းဆောင်ရွက်မှုကိုတွေ့ရစဉ်။



ကျောက်တော်မြို့နယ်၌ နေအိမ်များ ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။



ရမ်းဗြဲမြို့နယ်၌ ပြိုလဲလမ်းမီးတိုင်များအား ပြန်လည်ထူထောင်ရန် ဆောင်ရွက်စဉ်။

**ကူညီကယ်ဆယ်ရေးဆောင်ရွက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် နေရာများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် အသင့်ပြင်ဆင်စုဖွဲ့ထားရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ပရဟိတလူမှုကူညီရေး အသင်းအဖွဲ့များနှင့်အတူ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိကြောင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တောင်ကုတ်မြို့နယ်၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



အမ်းမြို့နယ်၌ ပြိုလဲသစ်ပင်များအား ရှင်းလင်းဆောင်ရွက်စဉ်။

---

## ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦး အုတ်နံရံပြိုလဲခြင်းကြောင့် သေဆုံး

**နေပြည်တော် မေ ၁၅**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်း မုန်တိုင်း "မိုခါ" (MOCHA) ၏ အရှိန်ကြောင် ဒီရေမြင့်တက်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက် ရေကြီးခြင်း၊ မြေပြိုခြင်း၊ ကမ်းပါးပြိုခြင်း၊ လမ်းမီးတိုင်များ လဲကျခြင်း၊ သစ်ပင် သစ်ကိုင်းလဲကျခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် တပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတ အသင်းအဖွဲ့များနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိသည်။

**ကယ်ဆယ်ရေးဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့က ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးစဉ် အုတ်နံရံပြိုလဲခြင်းကြောင့် နယ်မြေခံတပ်မှ လုံခြုံရေးတပ်ဖွဲ့ဝင် အရာရှိတစ်ဦးနှင့် စစ်သည် နှစ်ဦး သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံ

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကြားတောရရပ်ကွက် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား ကိုဗစ်-၁၉ ကာကွယ်ဆေး (Sinopharm) ထပ်ဆောင်းထိုးနှံခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်းတိုက်ရှိ အဘိဓဇဆွမ်းစားကျောင်းတော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့်စပ်လျဉ်း၍ သိကောင်းစရာများကို ဆရာတော်၊ သံဃာတော်များအား ရှင်းလင်းလျှောက်ထားပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဩဝါဒါစရိယ၊ စေတိယင်္ဂဏပဝရ သီရိမဟာ ဓမ္မဂုရု ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာဆရာတော်) အမှူးပြုသည့် ဆရာတော်၊ သံဃာတော် အပါး ၁၀၀ ကို ကိုဗစ်-၁၉ ထပ်ဆောင်း ကာကွယ်ဆေးများ ထိုးနှံပေးသည်။

အဆိုပါ ကာကွယ်ဆေးများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shenzfen ဗုဒ္ဓဘာသာအဖွဲ့ အတွင်းရေးမှူးနှင့် တောင်တရုတ် ပင်လယ် တရုတ်ဗုဒ္ဓဘာသာ ဒုတိယဥက္ကဋ္ဌ Hongfa ဘုန်းတော်ကြီးကျောင်း ဆရာတော် Venerable Master Yinshun တို့ ကိုယ်စား တရုတ်ကုန်သည်ကြီးများအသင်းက နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးများထံ လာရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကိုဗစ် -၁၉ ကာကွယ်ဆေး(Sinopharm)များကို မေ ၁၆ ရက်တွင် သာခုပရိယတ္တိစာသင်တိုက်နှင့် ကွင်းကျောင်း ပရိယတ္တိစာသင်တိုက်၊ မေ ၁၇ ရက်တွင် လင်းလွန်ပင် ကျောင်းတိုက်နှင့် ဝါယာလက်ကျောင်း၊ မေ ၁၈ ရက်တွင် ရွှေမြိုင်သီရိသီလရှင်စာသင်တိုက်နှင့် ကလေးဝတောရစာသင်တိုက်၊ မေ ၁၉ ရက်တွင် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၊ မေ ၂၀ ရက်တွင် စွန်းလွန်းဂူဝိပဿနာကျောင်းနှင့် စစ်ကိုင်းစာသင်တိုက်၊ မေ ၂၁ ရက်တွင် အလင်းရတနာ သီလရှင်စာသင်တိုက်၊ တိက္ခာရာမ သီလရှင်ကျောင်းနှင့် ရတနာမြိုင်ကျောင်း၊ မေ ၂၂ ရက်တွင် မင်္ဂလာသုခပါဠိတက္ကသိုလ်၊ မေ ၂၃ ရက်တွင် အနန္တဂုဏ်ရည် ကျောင်းတိုက်နှင့် မင်္ဂလာသီရိကျောင်းတိုက်၊ မေ၂၄ ရက်တွင် သံတံတားရွာဦး ကျောင်းတိုက်၊ မေ ၂၅ ရက်တွင် သီတဂူဗုဒ္ဓတက္ကသိုလ်နှင့် ပါရမီ သီလရှင်စာသင်တိုက်တို့၌ ဆရာတော်၊ သံဃာတော်၊ သီလရှင် စုစုပေါင်း ၁၀၂၈ ဦး တို့ကို ထပ်ဆောင်း ကာကွယ်ဆေးများ ထိုးနှံပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံးမှ သိရသည်။

**သတင်းစဉ်**



# အလွန့်အလွန်အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်

**နေပြည်တော် မေ ၁၅**

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများပေးနိုင်ရန် စစ်ရေယာဉ် (၅၅၄) သည် တပ်မတော်(ရေ)မှ ကြက်ဥ ၅၀၀၀၊ ကြက်သား ပိဿာ ၅၀၀ ခန့်၊ ခေါက်ဆွဲခြောက် ဖာ ၁၀၀ နှင့် ၁ လီတာရေသန့်ကတ် ၆၀၀ တို့ကို တင်ဆောင်၍ ကူညီကယ်ဆယ်ရေးဆောင်ရွက်မည့် အဖွဲ့များနှင့်အတူ မေ ၁၅ ရက် နံနက် ၉ နာရီခွဲက အမှတ်(၆)ရေတပ်ဆိပ်ခံတံတား(ကျောက်ဖြူမြို့)မှထွက်ခွာခဲ့ရာ အမှတ်(၁၄)ရေတပ်ဆိပ်ခံတံတား(စစ်တွေမြို့)သို့ ယနေ့ညနေ ၃ နာရီခွဲတွင်ရောက်ရှိခဲ့ပြီး သယ်ဆောင်လာသည့် ကြက်ဥ၊ ကြက်သား၊ ခေါက်ဆွဲခြောက်နှင့် ရေသန့်ဘူးများအား မုန်တိုင်းဒဏ်သင့်ပြည်သူများသို့ပေးဝေခဲ့ပြီး ရသေ့တောင်ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်သည်။

အလားတူ စစ်ရေယာဉ်(မုတ္တမ)သည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ငါးဦးစာ ရိက္ခာထုပ် အထုပ် ၆၀၀၀ (၆၀ တန်ခန့်)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဆန်အိတ် ၁၂၀၀၀ (၆၀၀ တန်)၊ တာပေါ်လင်လိပ် ၁၀၀၀ (၃၇ တန်)၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးမှ ဆန် ငါးပြည်ဝင်အိတ် ၁၀၀၀၀ (၁၀၅ တန်ခန့်)၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် အိမ်ရိုက်သံ ၃၅ တန်၊ သွပ် အချပ် ၄၀၀၀၀ (၁၆၀ တန်)၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ MPT Mobile ကား တစ်စီး (၅ တန်)၊ ဆက်သွယ်ရေးတာဝါတိုင်နှင့် ဆက်စပ်ပစ္စည်း ၁၇ တန်၊ စုစုပေါင်း ၁၀၁၉ တန်ခန့်အား ဗိုလ်အောင်ကျော်ဆိပ်ကမ်းတွင်လည်းကောင်း၊ စစ်ရေယာဉ်(မဟာဗန္ဓုလ)သည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ခေါက်ဆွဲခြောက် ၁၁၃ ဖာ၊ ခါတ်ဆားထုပ် ၈၈၀၀၊ ကြက်ဥ ၅၀၀၀၊ ရေသန့်နှင့် အသား/ငါးများ၊ ငါးပိ ပိဿာ ၁၀၀၊ ငါးခြောက် ပိဿာ ၈၀၀၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ကြက်ဥ အလုံး ၁၀၀၀၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဆန်အိတ် ၅၀၀ (၂၅ တန်) စုစုပေါင်း ၂၈ ဒသမ ၂ တန်ခန့်အား အမှတ်(၄) ရေတပ်ဆိပ်ခံတံတားတွင်လည်းကောင်း တင်ဆောင်လျက်ရှိပြီး ကူညီကယ်ဆယ်ရေးဆောင်ရွက်မည့် အဖွဲ့များအား တင်ဆောင်၍ မေ ၁၆ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်စစ်တွေမြို့သို့ပို့ဆောင်ရန် ထွက်ခွာမည်ဖြစ်သည်။

အဆိုပါ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များပေါ်သို့ ကူညီကယ်ဆယ်ရေး ပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများ တင်ဆောင်နေမှုများကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လိုအပ်သော ကူညီထောက်ပံ့ရေးပစ္စည်းများတင်ဆောင်၍ ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်သင့်မြို့နှင့် ကျေးရွာများသို့ ဆက်လက်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများ စစ်တွေမြို့သို့ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ရန် မုတ္တမသင်္ဘောပေါ်သို့ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



စစ်ရေယာဉ် မဟာဗန္ဓုလ ပေါ်သို့ ထောက်ပံ့ရေး ပစ္စည်းများ တင်ဆောင်စဉ်။

# ရှမ်းပြည်နယ် အကျဉ်းထောင်များ စာတတ်မြောက်ရေးလုပ်ငန်းအတွက် သီပေါအကျဉ်းထောင်၌ စာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းဖွင့်လှစ်

**ရန်ကုန် မေ ၁၅**

အကြောင်း အမျိုးမျိုးကြောင့် အပြစ်ဒဏ်၊ ထောင်ဒဏ်ကျခံနေရသည့် စာမတတ်သူ အကျဉ်းသားအကျဉ်းသူများ စာတတ်မြောက်လာစေရေး၊ လူနေမှုဘဝ မြင့်မားလာစေရေးနှင့်အတူ နိုင်ငံအတွင်း စာမတတ်သူဦးရေ လျှော့ချနိုင်ရေးတို့အတွက် ရည်ရွယ်ဖွင့်လှစ်သည့် စာတတ်မြောက်ရေး လုပ်ငန်းနည်းပြသင်တန်းကို မေ ၁၅ ရက်မှ မေ ၁၈ ရက်အထိ ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ရှိ သီပေါအကျဉ်းထောင်၌ ဖွင့်လှစ်လျက်ရှိသည်။

နည်းပြ သင်တန်းဖွင့်ပွဲသို့ ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ပညာ)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူး၊ သီပေါအကျဉ်းထောင် တာဝန်ခံအရာရှိ၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန၊ မြို့နယ်ပညာရေးမှူးရုံးနှင့် သီပေါအကျဉ်းထောင်တို့မှ တာဝန်ရှိသူများ၊ နည်းပြသင်တန်းသားများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်(ပညာ) ဒေါက်တာဝင်းဖေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးနှင့် သီပေါအကျဉ်းထောင် တာဝန်ခံအရာရှိတို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် စာတတ်မြောက်ရေးလုပ်ငန်းအတွက် မြို့နယ်ပညာရေးမှူးရုံးက ပေးအပ်လှူဒါန်းသော သင်ထောက်ကူကားချပ်များ၊ ဗလာစာအုပ်၊ ခဲတံနှင့်ခဲဖျက်များကို မြို့နယ်ပညာရေးမှူးက သီပေါအကျဉ်းထောင် တာဝန်ခံအရာရှိထံ ပေးအပ်သည်။

သီပေါအကျဉ်းထောင်အတွင်း စာမတတ်သူပေါင်း ၃၀ ကို ပြစ်ဒဏ်ကျခံဆဲ အခြေခံပညာ အထက်တန်း၊ အထက်တန်းအောင်နှင့် ဘွဲ့ရပညာသင်ကြားဖူးသူ အကျဉ်းသား၊ စေတနာလုပ်အားပေး နည်းပြ ၁၄ ဦးနှင့် ကြီးကြပ်နှစ်ဦးတို့က စာသင်ဝိုင်းများစုဖွဲ့၍ အနည်းဆုံး ၁ ရက် ၃နာရီ၊ အနည်းဆုံးနာရီပေါင်း ၁၂၀ ဖြင့် ရက်ပေါင်း ၄၀ ကြာ အခြေခံမြန်မာစာ၊ အခြေခံသင်္ချာဘာသာရပ်များ သင်ကြားခြင်းတို့နှင့်အတူ စာသင်သားများ၏ လူမှုဘဝမြင့်မားရေးဆိုင်ရာ အသိပညာပေးခြင်းများကို ပြည်နယ်အကျဉ်းဦးစီးဌာန၏စီစဉ်မှုဖြင့် စာတတ်မြောက်ရေး လုပ်ငန်းသင်ကြားခြင်းအစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုဆောင်ရွက်လျက်ရှိသည့် ရှမ်းပြည်နယ် အကျဉ်းထောင်၊ အချုပ်ထောင်များအတွင်း စာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန၊ ပြည်နယ် ပညာရေးမှူးရုံးတို့၏ ပံ့ပိုးမှုဖြင့် ပြည်နယ်အတွင်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်ငါးခုတို့တွင် စာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းများ ဖွင့်လှစ်ခြင်း၊ စာတတ်မြောက်ရေးလုပ်ငန်း သင်ကြားခြင်းအစီအစဉ်များကို ရေးဆွဲထားသည့် အစီအစဉ်များအတိုင်း ပြည်နယ်အကျဉ်းဦးစီးဌာန၏ အနီးကပ်စီမံမှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## စူဠာမဏိဘုရားအတွင်း မိုးရေများအား ရေစုပ်စက်များဖြင့်စုပ်ထုတ်နေ

**ညောင်ဦး မေ ၁၅**

စူဠာမဏိဘုရားကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးရေဝင်ရောက်ပြီး မိုးရေများအား ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သော သဘာဝဘေး အန္တရာယ်ဆိုင်ရာ ကာကွယ်တားဆီးရေး အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များက စူဠာမဏိဘုရားဝင်းအတွင်းမှ မိုးရေများအား ရေစုပ်စက်များဖြင့် စုပ်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

ညောင်ဦးမြို့နယ်၌ မိုခါဆိုင်ကလုန်းမုန်တိုင်း၏ အကျိုးသက်ရောက်မှုကြောင့် မေ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း၊ အဆိုပါ မိုးရေများ ဝင်ရောက်မှုတစ်ပေခန့် ရှိကြောင်း သိရသည်။

**ဒီပါလင်း**

## အခြေခံပညာ Grade 12 သင်ရိုးသစ် တိုင်းဒေသကြီးအဆင့် ဆင့်ပွားသင်တန်း သန်လျင်၌ ဖွင့်လှစ်

**ရန်ကုန် မေ ၁၅**

အခြေခံပညာ Grade 12 သင်ရိုးသစ် တိုင်းဒေသကြီး အဆင့် ဆင့်ပွားသင်တန်း ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် သန်လျင်မြို့ရှိ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန် အရှေ့ပိုင်း တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ နေဝင်းဦးက အရည်အသွေး ရှိသော အမျိုးသားပညာရေး စနစ်၏ အသီးအပွင့်များ အပြည့်အဝ ပေါ်ထွန်းလာစေရန်အတွက် ပညာရေး ဝန်ကြီးဌာနသည် အမျိုးသား မဟာဗျူဟာ စီမံကိန်း (၂၀၂၁-၂၀၃၀)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းသား၊ သင်တန်းသူ ဆရာ ဆရာမများ အနေဖြင့် ကြိုးစား လေ့လာသင်ယူကြရန်လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။ ထို့နောက် သန်လျင်ခရိုင် ပညာရေးမှူး ဦးဘသန်းက သင်တန်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။



သင်တန်း ဖွင့်ပွဲသို့ သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းနှင့် အဖွဲ့ဝင်များ၊ ရန်ကုန် အရှေ့ပိုင်း တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ မြို့နယ်ပညာရေးမှူးများ တက်ရောက်ကြပြီး သန်လျင်ခရိုင် အတွင်းရှိ မြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ဆရာ ဆရာမ ၄၀၃ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ မေ ၂၄ ရက်အထိဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၁၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ပြည်သူများ၏ အသက်ကိုသာမက စားဝတ်နေရေးကိုပါ ထိခိုက်ပျက်စီးအောင် လုပ်ဆောင်နေသော PDF တို့၏ အကြမ်းဖက်လုပ်ရပ်များ"** ခေါင်းစဉ်ဖြင့် မေ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မုန်တိုင်းအန္တရာယ်မှ ကင်းဝေးအောင် ပြောင်းရွှေ့ပေးနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များအား PDF အမည်ခံ အကြမ်းဖက်သမားများက ချောင်းမြောင်းပစ်ခတ်သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

**သတင်းစဉ်**


### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ကျန်းမာရေးဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### ခုတင်(၅၀၀)အထွေထွေရောဂါကုဆေးရုံကြီး၊ ပြည်မြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ခုတင်(၅၀၀)အထွေထွေရောဂါကုဆေးရုံကြီး၊ ပြည်မြို့တွင် လူနာများအား ကုသမှုပေးရန် FDA အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ၊ ကင်ဆာဆေးဝါးများ အပါအဝင်၊ Specialityဆေးဝါးများ၊ Consumable for Speciality နှင့် IHC,Dialysis သုံးဆေးနှင့်ဆေးပစ္စည်းများ၊ ခွဲစိတ်မှုခန်းသုံးဆေးနှင့် ဆေးပစ္စည်းများ၊ Basic Consumable များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်နှင့်အချိန်** - ၁၇-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၆-၆-၂၀၂၃ရက်(သောကြာနေ့) ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်၊ ဆေးနှင့်ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံး၊ ခုတင်(၅၀၀)အထွေထွေရောဂါကုဆေးရုံကြီး၊ ပြည်မြို့တွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးကော်မတီ**
ခုတင်(၅၀၀)အထွေထွေရောဂါကုဆေးရုံကြီး၊ ပြည်မြို့
ဖုန်း-၀၅၃-၂၀၂၇၃၅၀

### ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်(အရှေ့ပိုင်း)၊ (၄)ရပ်ကွက်၊ အမှတ်(၈၂၅)၊ ပေ(၆၀) x ပေ(၄၀) မြေကွက်အား ဦးထွန်းဦး ၁၂/သဃက(နိုင်)၀၂၁၄၃၅ မှ ပိုင်ဆိုင်ဝယ်ယူပြီး ဦးယဉ်အောင် ၉/စကန(နိုင်) ၁၅၆၁၇၆သို့ ၂၀၁၁ခုနှစ်၊ အောက်တိုဘာလတွင် အပြီးအပြတ် ရောင်းချထား၍ ဦးယဉ်အောင်မှ ဝယ်ယူပိုင်ဆိုင်ထားရှိခဲ့ပြီး ယခုအချိန်တွင် ဦးယဉ်အောင်မှ အမည်ပေါက်ပြောင်းလဲ လျှောက်ထားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက ရုံးလုပ်ငန်းအတိုင်း အစဉ်ဆက်လက်ပြောင်းလဲ လျှောက်ထားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေဇာမော်(LL.B,CC.B.L)**
**အမှတ်(၁၉၆)၊ နဝရတ်လမ်း၊ ပဒေသာမြို့သစ်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၅၁၇၆၈၆၁၃၊ ၀၉-၂၅၅၅၅၄၄၆၉**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ သနပ်ပင်လမ်းနေ ဒေါက်တာဇော်နိုင်-ဒေါ်ဝေဝေတို့၏သား ဒေါက်တာ ကောင်းခန့်ဝေ ၇/ပခန(နိုင်)၂၆၂၀၇၄သည် အိမ်ထောင်လက်ရှိ သားနှစ်ဦးထွန်းကားပြီးဖြစ်ပါလျက် မိသားစုလုံးဝ လက်မခံနိုင်သည့် အိမ်ထောင်ရေးဖောက်ပြန်မှုပြုနေရာ မိဘများမှ ဆိုဆုံးမသည်ကို မလိုက်နာသည့်အပြင် မိခင်အား ရိုင်းပျစွာဆဲရေး ရန်မူခြင်းများ ပြုလုပ်နေပါ၍ မိဘဆွေမျိုးဂုဏ်သိက္ခာကို ထိခိုက်စေသော ဒေါက်တာကောင်းခန့်ဝေ ကို သွာနုတ္တသားအဖြစ်မှ အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ကောင်းခန့်ဝေ ၏ကိစ္စအဝဝကို လုံးဝတာဝန်မယူတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါက်တာဇော်နိုင် - ဒေါ်ဝေဝေ**

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
### ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၃

ဒေါ်ငွေငွေစန်း နှင့် ၁။ ဦးကျော်မြင့်
၂။ ဒေါ်သီသီလေး

**တရားလို** **တရားပြိုင်များ**

ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ အမှတ်(မ-၁၈) နေ ဦးကျော်မြင့်နှင့် ဒေါ်သီသီလေး(ယခုနေရပ်လိပ်စာမသိ)သူတို့သိစေရမည်။

သင့်အပေါ်၌ ဒေါ်ငွေငွေစန်းက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် မေလ ၃၁ရက် (၁၃၈၅ခုနှစ် နယုန်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ သူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ရုံးတော်မှ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထု ချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူ ဆောင်လာရမည်။သို့မဟုတ်သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်အတွင်း တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ မေလ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိမိသန်း)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
### ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၂

ဦးရဲဇင်အောင် နှင့် ၁။ ဦးမြင့်လွင်
၂။ ဦးအိုက်မောင်

**တရားလို** **တရားပြိုင်များ**

ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၁၀)၊ အမှတ်(ဇ-၅၈) နေ ဦးမြင့်လွင်နှင့် ဦးအိုက်မောင်(ယခုနေရပ်လိပ်စာမသိ)သူတို့သိစေရမည်။

သင့်အပေါ်၌ ဦးရဲဇင်အောင်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြော ဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် မေလ ၃၁ရက် (၁၃၈၅ခုနှစ် နယုန်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ သူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ရုံးတော်မှ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူ ဆောင်လာရမည်။သို့မဟုတ်သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်အတွင်း တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ မေလ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိမိသန်း)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

### ပတ်စပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ ချောင်းဖြူကျေးရွာနေ (ဘ) ဦးကြည်ထွန်း၏သား မောင်မျိုးမင်းသူ ၈/မဘန(နိုင်)၁၀၅၀၇၄ ၏ နိုင်ငံကူးလက်မှတ် အမှတ် MB 199675 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉ ၉၄၀ ၆၂၉ ၉၀၇**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ငြိမ်းချမ်းဇော် ၁၂/လကန(နိုင်) ၂၁၅၆၉၂ ၏ နိုင်ငံကူးလက်မှတ် နံပါတ် MB 310193 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၉၆၆၄၂၇၆၂၀**

### ပတ်စပို့ပျောက်

ကျွန်တော် မောင်သိန်းဇော်ဦး ၉/တကန(နိုင်)၂၁၈၉၃၂ ၏ နိုင်ငံကူးလက်မှတ် အမှတ် MG-054031 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉ ၉၄၁၉၈၆၆၀၃**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3R/4861, Suzuki Ertiga, Station Wagon (4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်မွန်မွန်အောင် ၁၂/မရက(နိုင်) ၁၅၀၅၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**




### ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ ပြည်လည်းလှ

### အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **"မော်တော် ဆိုင်ကယ်ကို စီးနင်းမောင်းနှင် ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်"** အသိပေးအပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
## ရေဆင်း၊ နေပြည်တော်
## ဘွဲ့လွန်သင်တန်းသားများခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရေဆင်း၊ နေပြည်တော်)တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် မွေးမြူရေးပညာမဟာဘွဲ့သင်တန်း၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်ရန်ရှိပါသဖြင့် လျှောက်လွှာများ ခေါ်ယူအပ်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး (၃)ဦးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/ မိတ္တူ တင်ပြနိုင်ရမည်။)

(ခ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်မူရင်း တင်ပြရမည်။

(ဃ) ဤတက္ကသိုလ်တွင် တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ (M.V.Sc.)သင်တန်းတက်ရောက်နေဆဲ သင်တန်းသားများသည် (၃၁-၅-၂၀၂၃)ရက်တွင် သက်ဆိုင်ရာကျမ်းရေးသားပြုစုပြီးကြောင်း သက်ဆိုင်ရာပါမောက္ခ/ဌာနမှူး၏ ထောက်ခံစာတင်ပြနိုင်ပါက ပါရဂူဘွဲ့(Ph.D) သင်တန်းကို လျှောက်ထားခွင့်ပြုမည်။

(င) မွေးမြူရေးပညာမဟာဘွဲ့(M.A.Sc.) သင်တန်းနှင့် တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့(M.V.Sc.) သင်တန်းများအတွက် သင်တန်းကာလ(၂)နှစ်နှင့် ပါရဂူဘွဲ့(Ph.D.)သင်တန်းကာလမှာ (၃)နှစ်ဖြစ်ပြီး သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

(စ) မွေးမြူရေးပညာမဟာဘွဲ့ (M.A.Sc.)သင်တန်းအတွက် (၂၀၂၃)ခုနှစ်အထိ B.A.Sc. ဘွဲ့ရရှိသူများသည် လျှောက်ထားသည့် အထူးပြုဘာသာရပ်တွင် အနိမ့်ဆုံး Grade-4 (သို့မဟုတ်) အမှတ်(၆၅)မှတ် ရရှိရမည်။

(ဆ) တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့(M.V.Sc.)သင်တန်းအတွက် (၂၀၂၃)ခုနှစ်အထိ B.V.Sc./ D.V.M. ဘွဲ့ရရှိသူများသည် လျှောက်ထားသည့် အထူးပြုဘာသာရပ်တွင် အနိမ့်ဆုံး Grade-4 (သို့မဟုတ်) အမှတ်(၆၅)မှတ် ရရှိရမည်။

(ဇ) ပါရဂူဘွဲ့သင်တန်းအတွက် B.V.S./B.V.Sc. အခြေခံဘွဲ့ရရှိထားပြီး Veterinary Science Subject တစ်ခုခုဖြင့် ပြည်တွင်း ပြည်ပတက္ကသိုလ်တစ်ခုခုမှ Master ဘွဲ့ရရှိရမည်။

(ဈ) အထက်ဖော်ပြပါအချက်များနှင့်ပြည့်စုံသူများသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ စစ်ဆေးမည့် ဘွဲ့လွန်သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲ (အင်္ဂလိပ်စာနှင့် သက်ဆိုင်ရာအထူးပြုဘာသာရပ်)ကို ဝင်ရောက်ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်စွာဖြေဆိုနိုင်သူများကိုသာ လူတွေ့နှုတ်ဖြေစာမေးပွဲ ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ၊ အောင်မြင်ခဲ့သောတက္ကသိုလ်မှ ဘွဲ့လက်မှတ် (သို့မဟုတ်) ဘွဲ့ရထောက်ခံစာမူရင်းနှင့် မိတ္တူတို့ကို တင်ပြရမည်။

၄။ လျှောက်လွှာပုံစံများကို (၁၇-၅-၂၀၂၃)ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ ရေဆင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် (၃၁-၅-၂၀၂၃)ရက် (ဗုဒ္ဓဟူးနေ့) ညနေ(၄:၀၀)နာရီ နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၅။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| စဉ် | ဘာသာရပ် | ရက်စွဲ | အချိန် |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ | (၁၂-၆-၂၀၂၃)ရက် (တနင်္လာနေ့) | နံနက်(၉)နာရီမှ မွန်းတည့်(၁၂) နာရီ |
| (ခ) | သက်ဆိုင်ရာ အထူးပြုဘာသာရပ် | (၁၃-၆-၂၀၂၃)ရက် (အင်္ဂါနေ့) | နံနက်(၉)နာရီမှ မွန်းတည့်(၁၂) နာရီ |

၆။ ရေးဖြေစာမေးပွဲအောင်စာရင်းကို (၁၆-၆-၂၀၂၃)ရက် (သောကြာနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများအား (၂၀-၆-၂၀၂၃)ရက် (အင်္ဂါနေ့)တွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ လူတွေ့စစ်ဆေးမည်။ ဘွဲ့လွန်သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို (၂၃-၆-၂၀၂၃)ရက် (သောကြာနေ့)တွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ထုတ်ပြန်မည်။

၇။ မွေးမြူရေးပညာမဟာဘွဲ့သင်တန်း၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့သင်တန်းများကို (၂၆-၆-၂၀၂၃)ရက် (တနင်္လာနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၉။ သတ်မှတ်ထားသည့် အချက်အလက်များတိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၊ ဖုန်းနံပါတ် ၀၆၇-၃၄၁၆၆၅၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်းနှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvs.edu.mm တွင် ကြည့်ရှုရယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ်(၇/ခဲလယ်တောင်)၊ ဦးပိုင်အမှတ်(၁၄၃)၊ မြေဧရိယာ(၀.၀၅၇)ဧကရှိ မြေနေရာအား မြေငှားဂရန်အမည်ပြောင်းလျှောက်ထားနိုင်ရေး ဒေါ်နှင်းကျော်လှိုင် ၉/မနမ(နိုင်) ၀၀၄၀၅၈ မှ အမည်ပြောင်းမြေငှားဂရန်အသစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊
## တန့်ယန်းခရိုင်/လမ်းအထူးအဖွဲ့(၆)
## လုပ်ငန်းအိတ်ဖွင့် တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းခရိုင်နှင့် လမ်းအထူးအဖွဲ့(၆)တို့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများကို လုပ်ငန်းတင်ဒါစနစ်ဖြင့် လုပ်ငန်းများ အပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ လုပ်ငန်းအိတ်ဖွင့်တင်ဒါ အမှတ်စဉ် - ၃/၂၀၂၃-၂၀၂၄

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်/အချိန် | - ၁၉-၅-၂၀၂၃ရက်(သောကြာနေ့) မှ၂၅-၅-၂၀၂၃ရက်(ကြာသပတေးနေ့) အထိ နံနက် ၉:၃၀နာရီ မှ ညနေ ၁၆:၃၀ နာရီအထိ (ရုံးချိန်အတွင်း) |
| (ခ) | Pre-Bid Meeting ကျင်းပမည့်ရက်/အချိန် | - ၂၅-၅-၂၀၂၃ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက် | - ၂၆-၅-၂၀၂၃ရက်(တနင်္လာနေ့) (ရုံးချိန်အတွင်း) |
| (ဃ) | တင်ဒါပွဲ ကျင်းပမည့်ရက်/အချိန် | - ၂၉-၅-၂၀၂၃ရက်(တနင်္လာနေ့) နံနက် ၉:၃၀နာရီ |
| (င) | တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးလမ်းဦးစီးဌာန၊တန့်ယန်းခရိုင်၊ တန့်ယန်းမြို့ |

၃။ အသေးစိတ် အချက်အလက်များအား သိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့-၆၊ လားရှိုးမြို့ ၏ ဖုန်း(၀၈၂-၂၂၀၂၆၁၉၊၀၉-၄၂၈၈၆၅၇၅၆)နှင့် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တန့်ယန်းခရိုင်၏ ဖုန်း(၀၈၂-၃၈၂၃၄)၊ ဖုန်း-၀၉-၈၉၉၂၅၀၄၆၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်နှင့် လမ်းအထူးအဖွဲ့(၆)တို့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ခွင့်ပြု ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအား လုပ်ငန်း တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ် အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအမှတ်စဉ် - ၃/၂၀၂၃-၂၀၂၄

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်/ အချိန် | - ၂၂-၅-၂၀၂၃ရက်(တနင်္လာနေ့)မှ ၂၆-၅-၂၀၂၃ရက်(သောကြာနေ့) အထိ နံနက် ၉:၃၀နာရီမှ ညနေ ၁၆:၃၀နာရီအထိ (ရုံးချိန်အတွင်း) |
| (ခ) | Pre-Bid Meeting ကျင်းပမည့် ရက်/အချိန် | - ၂၈-၅-၂၀၂၃ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်/အချိန် | - ၂၉-၅-၂၀၂၃ရက်၊ (တနင်္လာနေ့) (ရုံးချိန်အတွင်း) |
| (ဃ) | တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန် | - ၃၀-၅-၂၀၂၃ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီ |
| (င) | တင်ဒါစိစစ်ရွေးချယ်မည့်နေရာ | - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ လမ်းဦးစီးဌာန၊ မူဆယ်ခရိုင်၊မူဆယ်မြို့ |

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက လမ်းဦးစီးဌာန၊ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့ (၆)လားရှိုးမြို့၏ ၀၈၂-၂၂၀၂၆၁၉၊ ၀၉- ၄၂၈၈၆၅၇၅၆ နှင့် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မူဆယ်ခရိုင်၊ မူဆယ်မြို့၏ ၀၈၂-၅၀၅၁၅၊ ၀၉-၄၀၃၇၆၅၅၅၁ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြု ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအား လုပ်ငန်းတင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသား လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအမှတ်စဉ်- (၃/၂၀၂၃-၂၀၂၄)

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်/အချိန် | - ၁၉-၅-၂၀၂၃ရက် (သောကြာနေ့)မှ ၂၅-၅-၂၀၂၃ရက်(ကြာသပတေးနေ့) အထိ၊ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအထိ (ရုံးချိန်အတွင်း) |
| (ခ) | Pre-Bid Meeting ကျင်းပမည့် ရက်/အချိန် | - ၂၅-၅-၂၀၂၃ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်/အချိန် | - ၂၆-၅-၂၀၂၃ရက်(သောကြာနေ့) (ရုံးချိန်အတွင်း) |
| (ဃ) | တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် | - ၂၉-၅-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၁၀နာရီ |
| (င) | တင်ဒါစိစစ်ရွေးချယ်မည့်-နေရာ | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊လမ်းဦးစီးဌာန၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊လောက်ကိုင်မြို့ |

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့၏ ဖုန်း-၀၈၂-၄၆၇၂၂၅၅၊ ၀၉-၇၅၈၂၈၉၅၈၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## နေပြည်တော်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ စက်ပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူမည်ဖြစ်ပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါအမှတ်စဉ် |
|---|---|---|---|
| ၁ | Computer | ၁၆၀လုံး | 01-Budget/23-24(Lot-1) |
| ၂ | မိတ္တူကူးစက် | ၃၅လုံး | 01-Budget/23-24(Lot-2) |
| ၃ | Printer | ၁၆၀လုံး | 01-Budget/23-24(Lot-3) |

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - ၁၈-၅-၂၀၂၃ရက် |
| (ခ) | **တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်** | - ၂-၆-၂၀၂၃ရက် |
| (ဂ) | **တင်ဒါပိတ်မည့်ရက်** | - ၅-၆-၂၀၂၃ရက် |
| (ဃ) | **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** | - e-Government ဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး |
| (င) | **တင်ဒါဖွင့်မည့်ရက်** | - တင်ဒါတင်သွင်းသူများကို ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။ |

၂။ တင်ဒါလျှောက်လွှာပုံစံများအား သတ်မှတ်ကာလအတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၃၄၃၀၅၂၆သို့လည်းကောင်း၊ e-Gov@usc.gov.mm Mailသို့လည်းကောင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**ရုံးအမှတ်(၅၄)၊ နေပြည်တော်**

## လမ်းဦးစီးဌာန
## ရှမ်းပြည်နယ်(အရှေ့ပိုင်း)
## ကတ္တရာအိတ်ဖွင့်တင်ဒါအမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ လမ်းအထူးအဖွဲ့ (၃)နှင့်ခရိုင်များမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော (၆၀/၇၀ နှင့် ၈၀/၁၀၀) ကတ္တရာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကတ္တရာပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| (က) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၁၅-၅-၂၀၂၃ ရက်မှ ၃၀-၅-၂၀၂၃ ရက်အထိ (ရုံးချိန်အတွင်း) |
| (ခ) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ |
| (ဂ) | **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/ အချိန်** | - ၃၁-၅-၂၀၂၃ ရက်၊ ၁၆:၀၀ နာရီ |
| (ဃ) | **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - ၁-၆-၂၀၂၃ ရက်၊ နံနက် ၁၀:၀၀ နာရီ |
| (င) | **တင်ဒါဖွင့်လှစ်မည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၂၀၂၄၀၃၇၊ ၀၈၄-၂၀၂၃၁၇၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စက်ပစ္စည်း(၂)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| Lot (1) | Wheel Loader (10 Ton) | 2 Nos | Japan/Korea |
| Lot (2) | Kelly Bar (15 m) with Swivel for Soilmec RT3ST | 1 No | All Countries |

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - ၁၇-၅-၂၀၂၃ ရက် |
| (ခ) | **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** | - ၃၁-၅-၂၀၂၃ ရက်၊ (၁၅:၀၀)နာရီ |
| (ဂ) | **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - ရုံးအမှတ်(၁၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော် |
| (ဃ) | **တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** | - ထပ်မံအသိပေးအကြောင်းကြားပါမည်။ |

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ် အချက်အလက်များကိုသိရှိလိုပါက တံတားဦးစီးဌာန၊ အထောက်အကူပြု ဌာနခွဲ (စက်မှု)၊ နေပြည်တော် ဖုန်း-၀၉-၅၁၄၇၁၂၉၊ ၀၉-၅၀၀၇၀၅၄၊ ၀၉-၅၀၉၁၄၄၉ တို့သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## ပျောက်ဆုံးကြောင်း

မောင်ဌေးဝင်း ၁၃/တကန(နိုင်)၂၄၁၄၈၅ ၏ နိုင်ငံကူးလက်မှတ် အမှတ် ME-138718 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၀၈၂၇၇၇၇

## အမည်ပြောင်း

ဦးသန်းစိုးလေး၏ သမီး သံဖြူဇရပ်မြို့၊ အလက(ခွဲ) စက်သစ် Grade-1 အောင်မြင်ပြီးသူ မဝိုင်းဝတီချမ်းအား မရှင်ပိုးအိမ် ဟု ပြောင်းလဲခေါ်ပါရန်။

**မရှင်ပိုးအိမ်**

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ (ဒုတိယအလယ်တန်းပြ) ဒေါ်အေးအေးနှင်း၏ ဖခင်အမည်မှန်မှာ ဦးဘိုးသိုက်(ခ)ဦးဖိုးသိုက် ၁၂/စခန(နိုင်)၀၄၅၅၆၃ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့နယ်၊ ပေါက်တောကျေးရွာအုပ်စု၊ ပေါက်တောကျေးရွာမှ ဦးသိန်းလှိုင် ၏ သမီးဖြစ်သူ ဒေါ်မြလေး(ခ)ဒေါ်မြမြလွင် ၇/ပတတ(နိုင်)၀၇၃၈၅၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မြလေး(ခ)ဒေါ်မြမြလွင်**

## အမည်မှန်

မိုးညှင်းမြို့၊ SHWE ကိုယ်ပိုင်အထက်တန်းကျောင်း Grade(8)သစ်မှ ဦးတင့်ဆွေ၏သမီး မမြတ်ပုံ့ပုံ့မွေး၏ အမည်မှန်မှာ မမြတ်ပုံ့ပုံ့နွေး ၁/ကမန(နိုင်) ၀၇၀၀၅၃ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ချန်ချိုင်း ၈/စလန(နိုင်)၂၂၁၆၅၇ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရမည်းသင်းမြို့နယ်၊ သိမ်ကုန်းကျေးရွာအုပ်စု လက်ပန်တောရပ်နေ ဦးမြင့်အေး၏သား ဦးမိုးဆန်းဦး(ခ)ဦးစိုးနိုင် ၉/ရမသ(နိုင်) ၂၂၈၈၇၈မှာ တစ်ဦးတည်း ဖြစ်ပါ ကြောင်း။

**ဦးမိုးဆန်းဦး(ခ)ဦးစိုးနိုင်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်(RA-V ကွက်ပြင်)၊ ဦးပိုင်အမှတ်(၁၉/ဒ-၁)၊ မြေယာအမှတ်(124/H-1)ဟုခေါ်တွင်သော မြေဧရိယာ(၀.၂၃)ဧကရှိ မြေနေရာအား မြေငှားဂရန် သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားနိုင်ရေး ဒေါ်နှင်းနှင်းမြင့်နိုင် ၉/မမန(နိုင်) ၀၀၀၈၄၀မှ မြေငှားဂရန် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## စစ်ကိုင်းတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ဒီဇယ်ဓာတ်အားပေးစက်များ မောင်းနှင်ရန်လိုအပ်သော စက်သုံးဆီများ ဝယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၆-၅-၂၀၂၃ ရက်မှ ၃၁-၅-၂၀၂၃ ရက်အထိ

၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁-၆-၂၀၂၃ ရက်၊ (၉:၀၀ နာရီမှ ၁၆:၀၀ နာရီ)

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့၊

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်-

**တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊**
**ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့**
**ဖုန်း- ၀၇၁-၂၂၈၁၇၊ ၀၉-၂၅၉၀၇၀၂၂၃**

## တိုက်ခန်းအရောင်းအဝယ်ကိစ္စအား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်(၁၀၇)၊ (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ၄-လွှာ၊ တိုက်မျက်နှာမူ (ညာဘက်ခြမ်း)၊ အကျယ်အဝန်း (၁၅'x၄၀')ရှိ ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ကိုယ်ပိုင်ရေမော်တာပါရှိသော တိုက်ခန်းနှင့်ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရွှေရည်ဝင်း ၇/ဝမန(နိုင်)၁၁၁၉၉၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကောင်းခန့်ကိုကို ၁၂/ပဘတ(နိုင်)၀၃၅၈၀၃ က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ အချို့တစ်ဝက်ကို ပေးချေ၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးအောင် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၇၉၈၂ )**
**အမှတ် (၁၁)၊ ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း - ၀၉-၅၁၉၂၈၆၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ လမ်းမတော်လမ်းနှင့် ကမ်းနားလမ်းထောင့်၊ ညောင်ပင်လေးဈေးပလာဇာ Block-B၊ ၅-လွှာ၊ အခန်းအမှတ် (၅၀၁)၊ (၅၀၃)၊ (၂)ခန်းတွဲ၊ တိုက်ခန်း အပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးအောင် ၁၂/လမတ(နိုင်)၀၂၁၀၇၄ (MME-581703 ) ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်း၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများ ယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်း၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| ဦးမောင်မောင်သူရ (မြောင်းမြ) | ဦးဇေယျာထွန်း (LL. B) |
| LL.B,A.G.T.I(EP),D.B.L,D.M.L | တရားလွှတ်တော်ရှေ့နေ |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈) | (စဉ်-၁၂၅၃၂) |
| ဒေါ်ချယ်ရီလှိုင် (LL.B) | ဦးစိုးလွင်ဦး (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၁) | အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁) |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉-၅၁ ၈၄၀၄၂ ၊ ၀၉-၇၃၁၁၅၁၀၅၊**
**၀၉- ၄၂၁၁၀၈၅၅၁၊ ၀၉- ၄၂၅၂၈၇၁၃၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၂)ရပ်ကွက်၊ ၁၀/တောင်၊ ဘုရားလမ်း၊ အမှတ်-၆၈၁/ခ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၆) ထပ်တိုက် အဆောက်အအုံရှိ တတိယထပ် (၄)လွှာ၊ တိုက်ခန်း(၁)ခန်း အပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးစောလင်း ၁၄/လပတ(နိုင်)၁၁၈၆၂၅ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်း၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများ ယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်း၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| ဦးမောင်မောင်သူရ (မြောင်းမြ) | ဦးဇေယျာထွန်း (LL. B) |
| LL.B,A.G.T.I(EP),D.B.L,D.M.L | တရားလွှတ်တော်ရှေ့နေ |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈) | (စဉ်-၁၂၅၃၂) |
| ဒေါ်ချယ်ရီလှိုင် (LL.B) | ဦးစိုးလွင်ဦး (LL. B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၁) | အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁) |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉-၅၁ ၈၄၀၄၂ ၊ ၀၉-၇၃ ၁၁၅၁၀၅၊**
**၀၉- ၄၂၁၁၀၈၅၅၁၊ ၀၉- ၄၂၅၂၈၇၁၃၄**

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## စစ်ကိုင်းတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဓာတ်အားလိုင်း နှင့် ဓာတ်အားခွဲရုံ ဆပ်စပ်ပစ္စည်းဝယ်ယူခြင်းလုပ်ငန်းနှင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တိုးချဲ့/အစားထိုး တည်ဆောက်ခြင်းလုပ်ငန်း (ပစ္စည်းအပါအဝင်/လုပ်အား)များအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၆-၅-၂၀၂၃ ရက်မှ ၃၁-၅-၂၀၂၃ ရက်အထိ

၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁-၆-၂၀၂၃ ရက်၊ (၉:၀၀ နာရီမှ ၁၆:၀၀ နာရီ)

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့၊

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်-

**တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊**
**ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့**
**ဖုန်း- ၀၇၁-၂၂၈၁၇၊ ၀၉-၂၅၉၀၇၀၂၂၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇-H-နံ့သာကုန်း)၊ မြေကွက်အမှတ်(၉/A-၁က)၊ ဧရိယာ ၀ ဒသမ ၀၈၇ ဧကရှိ B(အိမ်ယာမြေ)မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၅၉/ခ)၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သည့် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်ကြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံသူများဖြစ်သည့် ဦးသန်းထွန်း ၁၂/အစန(နိုင်)၀၂၉၂၉၁ နှင့် ဒေါ်ခင်ခင်ဝင်း ၁၂/အစန(နိုင်)၀၂၉၂၉၂ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း ၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉-၄၃၁၆၃၄၀၅**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း
## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ပျဉ်းမကန်ကျေးရွာအုပ်စု၊ ပျဉ်းမကန်ကျေးရွာ၊ တောင်ပိုင်းရပ်ကွက်၊ မဟူရာလမ်း၊ အမှတ်(၃၇၆)တွင် နေထိုင်သူ ဦးဝင်းနိုင် ၁၂/သခန(နိုင်)၀၇၉၀၉၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းနိုင်၏သမီး မနှင်းနှင်းဝေ ၁၂/သခန(နိုင်)၁၅၉၇၅၃ သည် မိဘ၏ဆိုဆုံးမမှုများအား နာမခံဘဲ အိမ်ပေါ်မှဆင်းသွားပါသဖြင့် ဤကြေညာပါသည့်ရက်မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်သက်ဆိုင်သည့် မည်သည့်ကိစ္စရပ်များမဆို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်ဇင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၇၂၄)**
**အမှတ်(၁၃၁)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉ ၄၂၁၁၀၀၈၉၇၊ ၀၉ ၉၆၄၁၁၀၈၉၇**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ၂၃-ရပ်ကွက်၊ သစ်ယာပင်လမ်းသွယ်(၂)၊ အမှတ်(၂၄)ဟု ခေါ်တွင်သောမြေတိုင်းရပ်ကွက်အမှတ် (၂၃-သုဝဏ္ဏ)၊ မြေကွက်အမှတ် (၂၄)၊ မြေဧရိယာ ၀ ဒသမ ၁၈၃ ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာနတွင် ဗိုလ်မှူးချုပ်လှရွှေ တစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အမည်ပေါက်ပိုင်ဆိုင်သူ ဗိုလ်မှူးချုပ်လှရွှေ ကွယ်လွန်သွားပြီဖြစ်သည့်အတွက် ၎င်း၏တစ်ဦးတည်းဇနီးဖြစ်သူ ဒေါ်ခင်သန်းနွဲ့(ခ)ဒေါ်စုစု ၅/စကန(နိုင်)၀၁၈၃၇၃ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ၁၄၈၅/ ၂၀၂၃ ဖြင့် တရားဝင်လက်ဝယ်ရရှိပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများမှ စရန်ငွေ ပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ် ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်အေးအေးရီ (LL.B) | ဒေါ်ဝသုန်စည်သူ (LL.B)(D.I.L) |
| တရားလွှတ်တော်ရှေ့နေ (၄၃၇၃) | အထက်တန်းရှေ့နေ (၅၃၀၀၃) |

**အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁)၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## မိဘအမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ ခေတ်ကောင်းကြွယ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-3 မှ မောင်မင်းကျော်၏ မိဘအမည်မှန်မှာ ဦးအောင်မျိုးမြင့်ဦးနှင့် ဒေါ်မိုးမိုးအေး ဖြစ်ပါသည်။

**ဦးအောင်မျိုးမြင့်ဦး-ဒေါ်မိုးမိုးအေး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်ဇော် ၁၂/ဒဂတ(နိုင်)၀၂၆၅၆၂ ၏ PASSPORT စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၁၃၅၈၇၇**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဝေလျှံဖြိုး ၅/ရဥန(နိုင်) ၁၃၅၇၇၆ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၄၂၉၅၄၅၂၃**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/3407 LIFAN LF J3053 F1 Dump Truck (4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုလွင် ၅/မရန(နိုင်)၁၅၇၄၂၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အေးအေးမြင့် ၁၂/ဥကတ(နိုင်)၀၁၈၅၈၆ ပိုင်ဆိုင်သော MAEX၏ အစုရှယ်ယာ ကတ်အမှတ် ၀၁၇၅၆၊ အစုရှယ်ယာ အမှတ်စဉ် -၁၆၄၈၉၁၈ မှ ၁၆၄၉၁၁၇)၊ (၁၀၀၀) ကျပ်တန်အစုရှယ်ယာ အစောင်အရေအတွက် (၂၀၀) သည် ပျောက်ဆုံးသွား ပါကြောင်း ကြေညာအပ်ပါသည်။

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျွဲဆွံသယလမ်း၊ ကျားကွက်သစ်ရပ်ကွက်နေ ဦးမောင်မောင်ကျော် ၁၁/စတန(နိုင်)၀၆၆၀၉၁ ၏ သမီး ဟေမြတ်ရတနာကျော်အား မြတ်ရတနာကျော်ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

**မြတ်ရတနာကျော်**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/1262 Nissan March AK 12 H/B(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ပိုင်စိုး ၇/ဇကန(နိုင်)၀၄၇၉၇၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/8019 Suzuki Carry DA 21T Pickup (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းဇော် ၁၂/မဂဒ (နိုင်)၀၈၅၄၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## အမည်ပြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ ပေါင်းလောင်းလမ်း၊ အိမ်အမှတ် (၃၂၇၆၇) နေ ဦးဖြိုးဝေအောင်-ဒေါ်ပြည့်သူဇာတို့၏ သား မောင်မင်းသုတအား မောင်မင်းသုတ (ခ) မောင်မင်းသုယဉ် ဟု ပြောင်းလဲခေါ်ဆိုနိုင်ပါရန်။

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/4962 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အထွေထွေကိုယ်စားလှယ်ရုပ်သိမ်းကြောင်းကြေညာချက်

ကျွန်မ ဒေါ်ဒေဇီ (ဘ) ဦးဆူလေမန် ၁၀/မလမ(နိုင်)၁၁၀၁၁၄ (၁၀-၁-၂၀၂၂) ရက်တွင် ဦးအောင်ကျော်မြင့် (ဘ) ဦးမာမွတ်အီစွတ် ၁၂/မဂတ(နိုင်)၀၈၇၃၉၉ အား ရန်ကုန်မြို့စာချုပ်စာတမ်းရုံးမှတ်ပုံတင်အမှတ် ၄၂၀/၂၂ ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားခြင်းနှင့် ၁၉-၆-၂၀၂၀ ရက်တွင် ဦးတင်မောင်အေး(ဘ) ဦးကျော်အေး ၇/ပခတ(နိုင်)၀၄၃၅၃၄ အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမှတ် ၆၅၈၆/၂၀ ဖြင့် အထွေထွေကိုယ်စားလှယ်စာလွှဲအပ်ထားခြင်းတို့ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဒေဇီ ၁၀/မလမ(နိုင်)၁၁၀၁၁၄**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/6611 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ခ)၊ မြေကွက်အမှတ်(၃၀၄)၊ တုသိတာလမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပရှိ ပေ(၄၀x၆၀) (၂၄၀၀)စတုရန်းပေ၊ ဦးအုန်းမောင်၊ ဒေါ်ခင်အေး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အား အဆင့်ဆင့်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူခဲ့သူ ဦးညဏ်ဝင်းနိုင် ၁၂/သဃက(နိုင်)၀၀၁၃၄၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးအပ်ပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် အဆိုပါမြေကွက်နှင့် သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများနှင့်အတူ သတင်းစာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန် မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နုနုယဉ် (LL.B, D.B.L, D.M.L, D.I.L, D.A.Psy) (စဉ် - ၁၁၀၁၄)**
**တိုက်(၅)၊ အခန်း(၂)၊ မြနန္ဒာ(၂)လမ်း၊ (၁၄) ရပ်ကွက်၊ မြနန္ဒာအိမ်ရာ၊**
**အုတ်ကျင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၆၁၄၂၆**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/4729 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## သားအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဖခင်ဖြစ်သူ ဦးမျိုးမြင့် ၁၂/မဂတ(နိုင်)၀၈၁၃၉၆၇ ၏သားဖြစ်သူ မောင်အောင်ဖြိုးသည် ဖခင်ဖြစ်သူ၏ ဆိုဆုံးမမှုအားနာခံခြင်းမရှိဘဲဖခင်ဦးမျိုးမြင့် ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်အား ကျူးလွန်ခဲ့ပြီး ဖခင်ဖြစ်သူအား ဂုဏ်သိက္ခာကျဆင်းသော လုပ်ရပ်များအား အကြိမ်ကြိမ်ပြုလုပ်ခဲ့ခြင်းတို့ကြောင့် မောင်အောင်ဖြိုးအား ဤကြေညာစာပါသည့်ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့်၎င်းနှင့် ပတ်သက်သည့်ကိစ္စရပ်များအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဦးမျိုးမြင့် ၁၂/မဂတ(နိုင်)၀၈၁၃၉၆၇**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/6873 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

❖ **နိုင်ငံရေးစနစ်အရ ပါတီစုံဒီမိုကရေစီစနစ်ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အုပ်ချုပ်ရေးပုံစံစနစ်အရ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်အုပ်ချုပ်ရေးကို ပေါင်းစပ်ထားသည့် အုပ်ချုပ်မှုပုံစံကိုသွားရမည်ဖြစ်....**

❖ **တိုင်းရင်းသားအားလုံး၊ ပြည်သူများအားလုံးနှင့် နိုင်ငံသားအားလုံးက လိုလားသည့် အုပ်ချုပ်ရေးစနစ်ပင်ဖြစ်....**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်တိုင်းဥက္ကဋ္ဌများအား တွေ့ဆုံလမ်းညွှန်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



## ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တရုတ်-မြန်မာနယ်စပ်တွင် မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွား

နေပြည်တော် မေ ၁၅

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ (အပေါ်ပုံ) စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ကသာမြို့အနီးမှ ကုန်းတွင်းသို့ရွေ့လျားဝင်ရောက်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း"မိုခါ" သည် ကချင်ပြည်နယ် ဗန်းမော်မြို့အနီးမှ အရှေ့-အရှေ့မြောက်ယွန်းယွန်းသို့ ရွေ့လျားခဲ့ပြီး တရုတ်-မြန်မာနယ်စပ်တွင် မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့ကာ နောက်(၃)နာရီအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ် တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။ *စာမျက်နှာ ၁၈ ကော်လံ ၄* ❖

## မုန်တိုင်းငယ် တရုတ်နိုင်ငံအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွား

နေပြည်တော် မေ ၁၅

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ တရုတ်-မြန်မာနယ်စပ်သို့ ရောက်ရှိခဲ့သော မုန်တိုင်းငယ်သည် အရှေ့-အရှေ့မြောက်ယွန်းယွန်းသို့ ဆက်လက်ရွေ့လျားခဲ့ပြီး တရုတ်နိုင်ငံအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားခဲ့ပြီးဖြစ်သည်။

ယခုသတင်းသည် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအတွက် ထုတ်ပြန်ပေးသည့် နောက်ဆုံးသတင်းဖြစ်သည်။

မိုး/ဇလ

## အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းနိုင်ကြောင်း အသိပေးကြေညာခြင်း

မြန်မာနိုင်ငံအတွင်း (၁၄-၅-၂၀၂၃) ရက်နေ့က ဖြစ်ပွားခဲ့သော အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်များအနေဖြင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းနိုင်ပါသည်။

မြန်မာကျပ်ငွေများကို **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေ၊** OA-011834 သို့လည်းကောင်း၊ နိုင်ငံခြားငွေ(အမေရိကန် ဒေါ်လာ) ကို **Natural Disaster Management Fund**၊ 1DA-0300086 သို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် အလှူပစ္စည်းများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များတွင် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**



ဌာနဆိုင်ရာတာဝန်ရှိသူများ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စစ်တွေမြို့သို့ ထွက်ခွာစဉ်။

## ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် စစ်တွေမြို့သို့ ဌာနဆိုင်ရာတာဝန်ရှိသူများစေလွှတ်

နေပြည်တော် မေ ၁၅

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါသည် ယမန်နေ့က မြန်မာ့ကမ်းရိုးတန်းကို စစ်တွေမြို့အနီးမှ ဖြတ်ကျော်ခဲ့ပြီး မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ *စာမျက်နှာ ၁၁ ကော်လံ ၅* ◆

ယနေ့ သတင်းအညွှန်း

**မိုခါမုန်တိုင်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လူ ၂၀ မှ ၃၀ ခန့်ဒဏ်ရာရရှိခဲ့ပြီး အိုးအိမ်ပေါင်း ၁၃၀၀၀ ကျော်ပျက်စီး**

နိုင်ငံတကာသတင်း စာ ၁၃